# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 25 January 2023 ၁၀၉၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တိုးမြှင့်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး**

နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တိုးမြှင့်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများ


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Mubarak M A Aladwani က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး**

စာမျက်နှာ » ၄

**နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅



**စည်းလုံးညီညွတ် အောင်ပန်းဆွတ်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**ထပ်ဆောင်းကာကွယ်ဆေးများ မဖြစ်မနေထိုးနှံလို့ ကိုဗစ် - ၁၉ အိုမီခရွန် မျိုးကွဲသစ်အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြပါစို့**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ရှေ့သို့လှမ်းချီပန်းတိုင်ဆီသို့ဦးတည်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကာလကတည်းက တိုင်းရင်းသားလူမျိုးစု ပေါင်းတစ်ရာကျော် စုစည်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။ ပြည်ထောင်စုကြီးကို စည်းလုံးညီညွတ်မှုအားမာန်များဖြင့် အခိုင်အမာတည်ဆောက်နိုင်ခဲ့သောကြောင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နေထိုင်နိုင်ခဲ့သည်။ သို့သော် တိုင်းပြည် အင်အား တောင့်တင်းခိုင်မာမှုလျော့နည်းပြီး စည်းလုံးညီညွတ်မှု အားနည်းသော ကာလများတွင် တိုင်းတစ်ပါးက ဝင်ရောက်စွက်ဖက်ကျူးကျော်မှုကြောင့် သူ့ကျွန်ဘဝ ကျခဲ့ရသည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိနိုင်ငံများသည် စည်းလုံးညီညွတ်မှုဖြင့် မိမိတို့နိုင်ငံကို မိမိတို့ ကာကွယ်စောင့်ရှောက်ကြပြီး ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကမ္ဘာ့အလယ်တွင်တန်းတူ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်နေကြသည်။ လူမျိုးအဖုံဖုံ၊ နိုင်ငံသားအမျိုးမျိုး အတူယှဉ်တွဲရပ်တည်နေထိုင်ကြရာတွင် စိတ်သဘောထားချင်း၊ ခံယူချက်ချင်း မတူကွဲပြားမှုများရှိကြသော်လည်း နိုင်ငံရေးရာကိစ္စများတွင် လည်းကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေး စသည့်တစ်တိုင်းပြည်လုံးအရေးတို့တွင် လည်းကောင်း နားလည်မှု၊ စိတ်ရှည်မှု၊ တစုတပေါင်းတည်း လက်တွဲပူးပေါင်း ဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်ကြသဖြင့် နိုင်ငံအများစုသည် ဖွံ့ဖြိုး တိုးတက်လာကြသည်။ ပြည်သူပြည်သားများ လူမှုစီးပွားဘဝများ မြင့်မားတိုးတက် လာကြသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကြောင့် တိုးတက် လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်မှုဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ချူတက်လှမ်းနိုင်ခဲ့သည်။ စည်းလုံးညီညွတ်မှု ကြောင့် လွတ်လပ်ရေးရရှိခဲ့သော်လည်း တိုင်းရင်းသားလူမျိုးအချင်းချင်း၊ ပြည်သူ များအချင်းချင်း စည်းလုံးညီညွတ်မှုအားနည်းမှုများကြောင့် မငြိမ်းချမ်းမှုများ၊ ပဋိပက္ခများနှင့် ကြုံတွေ့လာသည်မှာ လွတ်လပ်ရေးသက်တမ်း (၇၅)နှစ်မြောက် စိန်ရတုကာလသို့ပင် ကျော်လွန်ရောက်ရှိလာပြီဖြစ်သည်။ အကျိုးရလဒ်မှာ နိုင်ငံ တကာအလယ်တွင် တန်းတူရပ်တည်နိုင်ရေး ခက်ခဲပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ရသည့်ဘဝ မျိုး မည်သည့်နိုင်ငံသားမျှ အဖြစ်မခံလိုကြပေ။ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာ အောင် နိုင်ငံသားတိုင်း၏နှလုံးသားတွင် ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်း လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

“တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် တွေ့ကြုံရမည့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး နိုင်ငံတော်၏အမျိုးသား ရေးလုပ်ငန်းစဉ် (၂)ရပ်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ်တို့ကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ပြီး ရှေ့သို့လှမ်းချီပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) ဆိုသည့် ဆောင်ပုဒ်ကို လက်တွဲညီညီအကောင်အထည်ဖော်သွား ပါမည်”ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာတွင် အသိပေးထားသည်။ နိုင်ငံတော်အကြီး အကဲ၏အသိပေးစကားကို တိုင်းရင်းသားပြည်သူအားလုံး အလေးအနက်ခံယူကြ ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကမ္ဘာ့အလယ်တွင် နိုင်ငံများနှင့်တန်းတူရပ်တည်နိုင်ရေး၊ မှီတင်း နေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးစီးပွားဖြစ်သည့် တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးရည်မှန်းချက်(၂)ရပ်၊ တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး နိုင်ငံရေးရည်မှန်းချက်(၂)ရပ်တို့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ သည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးသည့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်ခြင်းကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် ကြုံတွေ့နေဆဲ၊ ကြုံတွေ့လာရမည့် အခက်အခဲမှန်သမျှတို့ကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်သည်။

စည်းလုံးညီညွတ်သော အင်အားများ၊ နိုးကြားတက်ကြွသော အားမာန်များဖြင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြပါက နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသော နိုင်ငံရေးလမ်းစဉ်များ၊ အမျိုးသားရေးလုပ်ငန်း စဉ်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်၍ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal) သို့ လက်တွဲညီညီ တက်လှမ်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှု တို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## ခက်ဒူကောင်ကျေးရွာ၌ ကျေးလက်ရေရရှိရေး ဆောင်ရွက်

**ဆွမ်ပရာဘွမ် ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒုတိယအကြိမ် ပြည်ထောင်စုမွမ်းမံ ရန်ပုံငွေဖြင့် ခက်ဒူကောင်ကျေးရွာ၌ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရ သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ခက်ဒူကောင်ကျေးရွာ တွင် ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက် ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေး ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို တန်ဖိုးထားတတ်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း သွားကြရန် ဆွေးနွေးမှာကြားသည်။

ခက်ဒူကောင်ကျေးရွာတွင် အလျား ၁၂ ပေ၊ အနံ ၆ ပေ၊ အမြင့် ၅ ပေရှိ အဆိုပါ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေစုကန် တည်ဆောက်ခြင်းလုပ်ငန်းကို ဒုတိယ အကြိမ် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် ၃ ဒသမ ၆၈ သန်းဖြင့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တတိယပတ်က စတင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

၂၂၂

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄-၁-၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၇၆၄ | ၆,၅၁၄,၂၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၀၀ | ၁၇၃၁ | ၅,၅၉၈,၇၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၆၇ | ၁၂၀,၆၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၂၀၀ | ၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၇၉.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၃.၉၆၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၀.၀၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၁၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၇၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၉၀.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၂.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၇၀.၁၆ |


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး **H.E. Mr. Mubarak M A Aladwani** အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

တိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်တိုးတက်နေမှုများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။


အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံ သံအမတ်ကြီး **H.E. Mr. Mubarak M A Aladwani** တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံမှု တိုးမြှင့်ရေး၊ စွမ်းအင်နှင့် ကုန်သွယ်ရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်း မရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#** ၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှု စစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဝမ်းသာပီတိဖြစ်**

ဦးစွာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှု အဆင့်အတန်းမြင့်မားလာစေရန်နှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲမှတစ်ဆင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ဘော်လီဘောအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် နိုင်ငံတော်က ရည်ရွယ်ကျင်းပပေးခဲ့သည့် ပြိုင်ပွဲတွင် မိမိတို့ဝန်ကြီးဌာနမှ အားကစားမောင်မယ်များအနေဖြင့် ထိုက်ထိုက်တန်တန် ဆုဖလားများကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများ အနေဖြင့် ဘော်လီဘောပြိုင်ပွဲတွင်သာမက အခြားသောပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရယူခဲ့ရာ နိုင်ငံ့ဂုဏ်၊ ဌာန၏ဂုဏ်တို့ကို မြှင့်တင်ပေးခဲ့သည်ကို ဂုဏ်ယူစွာတွေ့ရှိခဲ့ရပါကြောင်း၊ အားကစားသမားကောင်းများအဖြစ် ကြိုးစားခဲ့သည့် စိတ်ဓာတ်များမှ နိုင်ငံ့ဝန်ထမ်းကောင်းဆိုသည့် စိတ်ဓာတ်ကို ခိုင်ခိုင်မာမာ ဆက်လက်မွေးမြူသွားကြစေလိုကြောင်း၊ ဝန်ကြီးဌာနဆုရအားကစားသမားများ အဆင့်မှသည် နိုင်ငံ့လက်ရွေးစင်အဆင့်ရောက်ရှိအောင် ဆက်လက်ကြိုးစားသွားစေလိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အောင်ပွဲရ ကာကွယ်ရေးဝန်ကြီး ဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ အောင်ပွဲရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းနှင့် အမျိုးသမီးဘော်လီဘောအသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြုချီးမြှင့်ငွေကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ပေးအပ်ချီးမြှင့်သည်။



ကာကွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသားဘော်လီဘော အသင်းနှင့် အမျိုးသမီးဘော်လီဘော အသင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ပြု ချီးမြှင့်ငွေကို စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးမင်းဦး ပေးအပ် ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အောင်ပွဲရ ကာကွယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းနှင့် အမျိုးသမီး ဘော်လီဘောအသင်းကို ဂုဏ်ပြုချီးမြှင့် ငွေများ ပေးအပ်ချီးမြှင့်သည်။

**တည်ခင်းကျွေးမွေး**

ထို့နောက် ဆုတံဆိပ်ရရှိခဲ့သော အားကစားသမားများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာန ဘော်လီဘောအသင်း နည်းပြချုပ် အရာခံဗိုလ်ခင်မောင်တိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်များကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ **“ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန်”** လမ်းညွှန်မှုပြုခဲ့သဖြင့် အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင်လည်းကောင်း၊ လုပ်ငန်းကော်မတီ ငါးရပ်ကို ၂၀၂၂ ခုနှစ် ဇွန် ၇ ရက်တွင် လည်းကောင်း ဖွဲ့စည်းခဲ့သည်။



မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၌ စိတ်ပါဝင်စားသည့် ကုမ္ပဏီ ၂၆ ခုမှ ဦးဆောင်ကော်မတီသို့ လာရောက်တွေ့ဆုံပြီး ဆောင်ရွက်မည့် အစီအမံအသေးစိတ်များကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် စိစစ်ခွင့်ပြုပေးလျက်ရှိရာ Chin Dwin Shan Construction Co.,Ltd.နှင့် NPK Motors Co., Ltd. တို့မှ ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသို့ ပထမအကြိမ် လျှပ်စစ်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့သည်။

ရှေးဦးစွာ အမျိုးသားအဆင့်ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ-၁ ဒေါက်တာချာလီသန်းနှင့် လုပ်ငန်းကော်မတီ ငါးရပ်မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရွာသာကြီး Dry Port တွင် ရောက်ရှိနေသည့် Chin Dwin Shan Construction Co., Ltd.မှ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ် အစီး ၃၀နှင့် NPK Motors Co., Ltd. မှ တင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ် ၁၀ စီး စုစုပေါင်း အစီး ၄၀ ကို ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် လျှပ်စစ်သုံးယာဉ်အတွက် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိနှင့် ခွင့်ပြုထားသည့် လိုင်စင်ပါ ဖော်ပြချက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးမှုပြုလုပ်၍ ယာဉ်များထုတ်ယူသည့် လုပ်ငန်းစဉ်ကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန်လတွင် အမျိုးသားအဆင့် ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ခြင်း၊ လျှပ်စစ်သုံးယာဉ်အသုံးပြုမှုအတွက် အခွန်/အခကင်းလွတ်ခွင့်များ၊ အခြားသက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အများသုံး Charging Station များ တည်ဆောက်နိုင်ရေး စီမံချက်များ ချမှတ်ခြင်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် အမျိုးသားအဆင့် ဦးဆောင်ကော်မတီသည် “လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ”ကို ရေးဆွဲပြုစုထားပြီး မကြာမီ နိုင်ငံတော်အဆင့် အတည်ပြုထုတ်ပြန်နိုင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မူဝါဒ၏မျှော်မှန်းချက်အတိုင်း ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ကနဦး ရှေးပြေးစီမံကိန်း (Pilot Project) ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ သတ်မှတ်ထားပြီး လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့် ကုမ္ပဏီများမှတင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းအသုံးပြုနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level-3 အဆင့် Charging Station များ တည်ဆောက်နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီအနေဖြင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ခွင့်ပြုပေးလျက်ရှိသည်။

ယခုရောက်ရှိလာသော ယာဉ်များသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် BYD အမျိုးအစား E2 Model ဖြစ်ပြီး လူစီးနှင့် တက္ကစီအဖြစ် စမ်းသပ်ပြေးဆွဲ အသုံးပြုမည့် လျှပ်စစ်သုံးယာဉ်များဖြစ်သည်။ အများပြည်သူအသုံးပြုနိုင်ရေး လျှပ်စစ်သုံးတက္ကစီအဖြစ် Chin Dwin Shan Construction Co., Ltd. မှ ရန်ကုန်လေဆိပ်တွင်အခြေပြု၍ တက္ကစီ ၁၀ စီး၊ NPK Motors Co., Ltd.မှ နေပြည်တော် သပြေကုန်းဈေးတွင် အခြေပြု၍ တက္ကစီ ၁၀ စီး ပြေးဆွဲကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ (အင်းစိန်)သို့ရောက်ရှိပြီး လုပ်ငန်းတာဝန်များကို မိသားစုစိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်စေရန် စက်ရုံ၌တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်၊ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ် အားကောင်းစေရန်၊ နွေးထွေးသည့် ဆက်ဆံရေးစသည့် ကောင်းမွန်သည့် အလေ့အထကောင်းများ ဆက်လက်တိုးပွားစေရန်တို့အတွက် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




## နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ အခြေခံကျသောပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေး**



နေပြည်တော် ဇန်နဝါရီ ၂၄

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိအမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်က တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် အဖွဲ့အား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အစီအစဉ်၊ အကြောင်းအရာများကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြပြီး နှစ်ဖက်ညှိနှိုင်းရရှိသည့် ဆွေးနွေးပွဲ အစီအစဉ်များအတိုင်း တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်တို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြသည်။

ထို့နောက် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးပွဲမှ မပြီးပြတ်သေးဘဲ ဆက်လက်ဆွေးနွေးရမည့်ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေး ကိစ္စရပ်များနှင့် နှစ်ဖက်ဆွေးနွေးလိုသည့် အဆိုပြုချက်များကို ဆွေးနွေးကြရာ တက်ရောက်လာကြသူများက မိမိတို့၏သဘောထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဒေါက်တာ သန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အတွင်းရှိ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာ ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား လုပ်အားရှင်များကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် စိုက်ပျိုးမွေးမြူရေးစခန်းများ အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်သည်။

ယင်းနောက် အကျဉ်းသားလုပ်အားရှင်များ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကို လည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စိုက်ပျိုးမွေးမြူရေးစခန်းအတွက် ကော်မရှင်က ဗဟုသုတရဖွယ်ရာ စာအုပ်စာပေများကို လှူဒါန်းသည်။

ယင်းနောက် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်များအတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်**


(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ် အောင်ပန်းဆွတ်စို့

**— — — မြင်းမူမောင်နိုင်မိုး — — —**

(၁)

**"ငါတို့သည် တမျိုးတဘာသာ တစိတ်တဒေသ၏**
**ကောင်းကျိုးချမ်းသာကို မလိုလား ကျောသား ရင်သား**
**သူကား ငါကား ခွဲခြားခြင်းကို အလိုမရှိ**
**မြစ်ချောင်း သီတာ သမုဒ္ဒရာ တောင်တန်းတို့ဖြင့်**
**ကမ္ဘာ့ဓမ္မတာ သဘာဝ အပိုင်းအခြား**
**ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး**
**ရှေးပဝေဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု**
**သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့**
**ဇာတိချက်ကြွေနေထိုင်ကြရာ မြန်မာနိုင်ငံတော်တစ်ဝှမ်းကို**
**တသွေးတသားတည်းဟူသော ကြိုးထုံး**
**တစ်စိတ်တစ်ဝမ်းတည်းဟူသော ကြိုးထုံး**
**အလိုအလျောက် သဘာဝ အထောက်အပံ့ဖြင့်သာလျှင်**
**ဖြစ်ပေါ်အပ်သော စေတနာတည်းဟူသော ကြိုးထုံး**
**ဤကြိုးသုံးပါးဖြင့် ကမ္ဘာဆုံးတိုင် မြဲခိုင်တည်တံ့အောင်**
**ရစ်ပတ်ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို**
**လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ"**
**(လွတ်လပ်ရေး ကြေညာစာတမ်းမှ ကောက်နုတ်ဖော်ပြချက်။ သတ်ပုံ-မူရင်း)**



ပထမအကြိမ် လွတ်လပ်ရေးနေ့အခမ်းအနားအပြီးတွင် မြန်မာအစိုးရအဖွဲ့သစ် ကတိသစ္စာခံယူပွဲပြုလုပ်စဉ်။

အထက်ပါ ကြွေးကြော်သံမှာ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး၏ ကြွေးကြော်သံ အမှန်ပင်ဖြစ်ပေသည်။ ကောက်ကျစ်နယ်ချဲ့ကျူးကျော်ခဲ့၍ တကယ့်မှန်ကင်း လောင်စာထင်းပမာ ပျက်ယွင်းကြေမွ ကျွန်ဘဝဝယ် နိမ့်ကျညှိုးငယ်ခဲ့ရသော မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံး၏ အထွတ်အမြတ်သွေးတို့ဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်မဟုတ်ပါလော။

## အထွတ်အမြတ်သွေးနှင့် လွတ်လပ်ရေး

ပထမ၊ ဒုတိယ၊ တတိယ အင်္ဂလိပ် - မြန်မာ စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ပါလေသည်။ ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်တွင် နှစ်ကာလ အချိန်အတိုင်းအတာအားဖြင့် မြန်မာနိုင်ငံအောက်ပိုင်းသည် ၁၂၃ နှစ်၊ မြန်မာနိုင်ငံအထက်ပိုင်းသည် ၆၃ နှစ် ကျွန်သပေါက်ဘဝ ကျရောက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အား ကွာခြားမှန်း သိပါလျက်နှင့် မျိုးချစ်တိုင်းရင်းသားခေါင်းဆောင်များက ရှိသမျှ အင်အား၊ ရသမျှလက်နက်များကို စွဲကိုင်ကာ တွန်းလှန်ချေမှုန်းခဲ့ကြသည်။ **"သူ့ကျွန်ဘဝမှာနေရတာထက် သေရတာက မြတ်တယ်"** ဟူသော မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စွာဖြင့် ခုခံတော်လှန်ခဲ့ကြသည်။

လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝမှ သူ့ကျွန်ဘဝ ကျရောက်ခဲ့ကြသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားအပေါင်းသည် နယ်ချဲ့လက်အောက်တွင် လောကီငရဲမျိုးစုံကို ကြိတ်မှိတ်ခံစားခဲ့ကြရသည်။ ထို့ကြောင့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများတွင် တစ်ဗိုလ်တက် တစ်ဗိုလ်ဆင်း သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြသည်။ အသက်၊ သွေး၊ ချွေးများကို မငဲ့ကွက်ကြဘဲ စွန့်လွှတ်စွန့်စားခဲ့ကြသည်။

နယ်ချဲ့တို့က မြန်မာတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ယုတ်မာစွာ သွေးကွဲအောင် သွေးခွဲခဲ့ကြသော်လည်း စည်းလုံးညီညွတ်စွာ ပြန်လည်တိုက်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးတိုက်ပွဲဝင်သမိုင်းတွင် ကချင်ပြည်နယ်မှ ဖုံကန်ဒူဝါနှင့် ဗိုလ်စော၊ ချင်းပြည်နယ်မှ ကွမ်ဘိစ်နှင့် ရွှေချိုးဖြူမင်းသား၊ ရှမ်းပြည်နယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်နှင့် ဗိုလ်မင်းရောင်တို့သည် မော်ကွန်းဝင်ထွန်းပြောင်ခဲ့ကြပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အချုပ်တန်းဆရာဖေ အစရှိသော မျိုးချစ်စာဆိုတော်ကြီးများကလည်း နှလုံးရည်တပ်သားကောင်းပီသစွာ ကလောင်လက်နက်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ၊ တို့ဗမာအစည်းအရုံး၊ ဗမာ့ထွက်ရပ်ဂိုဏ်း၊ ဖတပလ (ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေး)၊ ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး) စသည့် လွတ်လပ်ရေးတိုက်ပွဲဝင်အဖွဲ့ကြီးများတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ တိုင်းရင်းသားများ စသည့် လုပ်သားပြည်သူအားလုံးသည် ကျွန်ဘဝမှ သခင်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အသက်ကို မငဲ့ကွက်ဘဲ စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်ခဲ့ကြပါသည်။

ထိုကဲ့သို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှု၊ မြန်မာ့မျိုးချစ်ခေါင်းဆောင်များ၏ စွန့်လွှတ်စွန့်စား ရဲရင့်သော သံမဏိစိတ်ဓာတ်များကြောင့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

- ❖ "လွတ်လပ်ရေး" ကို ပေးစေလိုဟု ကြွေးငိုမြည်တ၊ တောင်းပန်ခ၍ ရခဲ့သည်လည်း၊ မဟုတ်ချေ။
- ❖ "လွတ်လပ်ရေး" ဟူ၊ ပိုင်လိုမူသော် လွယ်ကူရှော့အင့်၊ ဆုချီးမြှင့်၍ ပိုင်ခွင့်ရသည် မဟုတ်ချေ။
- ❖ "လွတ်လပ်ရေး" ဆို၊ ပန်းပွင့်ချိုနှယ် အလိုအလျောက်၊ မြေမှပေါက်ကာ ထမြောက်ခဲ့သည် မဟုတ်ချေ။
- ❖ "လွတ်လပ်ရေး" အတွက်၊ သွေးအသက်တို့ ပေးဆပ်ခဲ့ကြောင်း၊ တွက်ရေပေါင်းသော် သွေးချောင်းပင်လယ် တမျှတည်း။
- ❖ လွတ်လပ်ရေးအတွက်၊ တွဲသောလက်တို့ မပျက်ခိုင်မြဲ၊ ရင်ဆိုင်နွှဲသည့်တိုက်ပွဲရာထောင်မကတည်း။
- ❖ လွတ်လပ်ရေးအတွက်၊ နာကြည်းချက်ဖြင့် ချိန်းချက်တော်လှန်၊ တက်ခေါက်သံတို့ မိုးယံချဉ်းမျှ ညံဘိတည်း။

စာမျက်နှာ ၇ သို့ ❑

**"မြန်မာပြည်ကြီးကား လွတ်လပ်ရေးရခဲ့ပေပြီ။ သို့ရာတွင် လွတ်လပ်သောမြန်မာပြည်သည် ညီညွတ်ငြိမ်းချမ်းပါ၏လော။ အမှန်စင်စစ် ညီညွတ်ငြိမ်းချမ်းမှုမရှိသည့်အပြင် အယူဝါဒအမျိုးမျိုးကိုအခြေခံ၍ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းသူများ ပေါ်ပေါက်လာကာ တိုင်းပြည်သည် ဖရိုဖရဲနှင့် ပြိုကွဲလုမတတ်ယိုင်နဲ့ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါ ကြုံကြိုက်ခဲ့ရပြီဖြစ်"**



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ချီတက်အလေးပြုကြသည့် ဂုဏ်ပြုစစ်ကြောင်းများကို တွေ့ရစဉ်။

❑ စာမျက်နှာ ၆ မှ

(၂)

## လွတ်လပ်ခဲ့ပြီ မြန်မာပြည်

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် တိုင်းပြုပြည်ပြုလွှတ်တော်ရှေ့၌ ဗြိတိသျှယူနီယံဂျက်အလံကို ဖြုတ်ချခဲ့ကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူခဲ့ကြသည်။ နံနက် ၄ နာရီ ၄၅ မိနစ်တွင် လွှတ်တော်အစည်းအဝေးခန်းမထဲ၌ နိုင်ငံတော်အာဏာလွှဲပြောင်းသည့်အခမ်းအနား ဆက်လက်ကျင်းပခဲ့ကြရာ တိုင်းပြုပြည်ပြုလွှတ်တော်က ယာယီပါလီမန်ဖြစ်ပေါ်လာခဲ့ပြီး ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က ယာယီသမ္မတ၊ ဦးနုက ယာယီဝန်ကြီးချုပ် ဖြစ်လာခဲ့ကြသည်။

နံနက် ၆ နာရီ မိနစ် ၃၀ တွင် အိမ်တော်၌ ဘုရင်ခံက အာဏာလွှဲပြောင်းပေးသည့် အခမ်းအနားကျင်းပခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၂၀ တွင် အင်္ဂလိပ်ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် ဇနီးတို့ ဘာမင်ဟန်သင်္ဘောဖြင့် မြန်မာပြည်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

ထိုနေ့မှာပင် အပိုဒ် (၆) ပိုဒ်ပါသော **"လွတ်လပ်ရေးကြေညာစာတမ်း"** ကို ကမ္ဘာသိကြေညာခဲ့ပြီး လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို အုတ်မြစ်ချခဲ့ကြသည်။ ထိုလွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ကို ၂၆-၁၁-၁၉၅၀ ရက်နေ့က မဟာဗန္ဓုလပန်းခြံထဲတွင် ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာပြည်ကြီးကား လွတ်လပ်ရေးရခဲ့ပေပြီ။ သို့ရာတွင် လွတ်လပ်သော မြန်မာပြည်သည် ညီညွတ်ငြိမ်းချမ်းပါ၏လော။ အမှန်စင်စစ် ညီညွတ်ငြိမ်းချမ်းမှုမရှိသည့်အပြင် အယူဝါဒအမျိုးမျိုးကို အခြေခံ၍ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ ပေါ်ပေါက်လာကာ တိုင်းပြည်သည် ဖရိုဖရဲနှင့် ပြိုကွဲလုမတတ် ယိုင်နဲ့ခဲ့ရသည်မှာ အကြိမ်ကြိမ်အခါခါ ကြုံကြိုက်ခဲ့ရပြီဖြစ်ပေသည်။

လွတ်လပ်ရေးရပြီး သုံးလခန့်အကြာတွင် ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်ပေါက်လာကာ လက်နက်ကိုင်တောခိုသွားခဲ့သည်။ ထို့ပြင် လွတ်လပ်ရေးအတွက် အတူတကွလက်တွဲကာ တိုက်ပွဲဝင်ခဲ့ကြသော တိုင်းရင်းသားခေါင်းဆောင်များသည် ဝါဒရေးရာအရလည်းကောင်း၊ လူမျိုးရေး၊ ဘာသာရေးအရလည်းကောင်း အယူအဆများ အမျိုးမျိုးကွဲပြားကာ ရောင်စုံသောင်းကျန်းသူများအဖြစ် နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်ခဲ့ကြလေသည်။

## လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာမဆုံးရှုံးစေရန်

တပ်မတော်သည် နိုင်ငံတော်ကို ပြိုကွဲအောင် ဖြိုခွဲလိုသူများ၏ အန္တရာယ်ရန်စွယ်အသွယ်သွယ်ကို အကြိမ်ကြိမ်အခါခါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရလေသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အဓိကအားဖြင့် မြန်မာ့တပ်မတော်သည် အမြဲတစေရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်ပြီး နိုင်ငံတော်ကို မပြိုကွဲစေလိုသည့် ဆန္ဒရှိသူများနှင့် ပူးပေါင်းလျက် ပြည်တွင်းသောင်းကျန်းမှုအစုစုကို စုပေါင်းတွန်းလှန်ချေမှုန်းခဲ့ရသည်။ ဥပမာအားဖြင့် ပြည်တွင်းသောင်းကျန်းသူဖြစ်သည့် ကေအင်ဒီအိုကြောင့် တစ်နိုင်ငံလုံးလိုလိုသိမ်းပိုက်ခံထားရသဖြင့် ရန်ကုန်အစိုးရဟု ပြက်ရယ်ပြုခေါ်ဆိုခံရချိန်တွင် တပ်မတော်သားများအပြင် တက္ကသိုလ်ကျောင်းသားများ၊ ပြည်သူများကပါ ပူးပေါင်းပါဝင် တွန်းလှန်တိုက်ခိုက်ခဲ့ပေသည်။

ထို့ပြင် ၁၉၄၉ ခုနှစ်ကုန်ပိုင်းမှစ၍ မြန်မာ့ပိုင်နက်နယ်မြေကို ကျူးကျော်ဝင်ရောက်ခဲ့သော ကူမင်တန် တရုတ်ဖြူတပ်များကို မြန်မာ့တပ်မတော်သည် ပင်လုံစစ်ဆင်ရေး၊ ယုဇနစစ်ဆင်ရေး၊ ဘုရင့်နောင်စစ်ဆင်ရေး၊ ဆင်ဖြူရှင်စစ်ဆင်ရေး၊ ရန်ကြီးအောင်စစ်ဆင်ရေးတို့ဖြင့် စစ်ဆင်ရေးများ အကြိမ်ကြိမ်ဆင်နွှဲကာ တိုက်ထုတ်ခဲ့ရလေသည်။ ပြည်ပကျူးကျော်မှုများအပြင် ပြည်တွင်းသောင်းကျန်းမှုများကြောင့် လွတ်လပ်ရေးနှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးလာနိုင်ခြင်းမရှိစေရန်လည်း တပ်မတော်သည် တိုက်ပွဲကြီးများ အကြိမ်ကြိမ်ဆင်နွှဲကာ ချေမှုန်းတိုက်ခိုက်ခဲ့ရသည်။ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ) တို့၏ အန္တရာယ်ရန်စွယ်ကို ရွှေလင်းယုန်စစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေး၊ အောင်စိုးမိုးစစ်ဆင်ရေး၊ လေးမာရ်အောင်စစ်ဆင်ရေး အစရှိသည့် စစ်ဆင်ရေးကြီးများဖြင့် တိုက်ပွဲကြီးပေါင်းများစွာကို ဆင်နွှဲကာ ချေမှုန်းခဲ့ရလေသည်။

ပြည်တွင်းသောင်းကျန်းမှုကို ချေမှုန်းတိုက်ခိုက်အောင်မြင်ခဲ့သော တိုက်ပွဲကြီးများတွင် ကွမ်းလုံရက်လေးဆယ်တိုက်ပွဲ၊ စီစီဝမ်တာပန်၊ ပန်ဆိုင်း-ကြူကုတ်၊ ခြူးရွှေပန်ကောက်၊ မိုင်းယန်းအစရှိသော တိုက်ပွဲကြီးများ၊ နားဖော့ပါဂျို၊ မဲသဝေါ၊ မဲလ၊ မော်ဖိုးကေတိုက်ပွဲကြီးများသည် အထူးပင်ထင်ရှားလှပေသည်။ ဤသည်မှာ တပ်မတော်သည် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ မဆုံးရှုံးစေရန်၊ နိုင်ငံမပြိုကွဲစေရန်အတွက် စစ်ရေးနည်းဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ခြင်းပင်ဖြစ်ပေသည်။

## နိုင်ငံရေးနည်းလမ်းဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

နိုင်ငံတော်တွင် အရေးကြုံတိုင်း နိုင်ငံ့အန္တရာယ်ရန်စွယ်မှန်သမျှ



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ယန္တရားစစ်ကြောင်းချီတက်အလေးပြုစဉ်။

မဆိုင်းမတွကာကွယ်ရသည်မှာ တပ်မတော်ပင်ဖြစ်လေသည်။ ၁၉၅၈ ခုနှစ်တွင် ထိုစဉ်က အုပ်ချုပ်ခဲ့သောအစိုးရအတွင်း စိတ်သဘောထားကွဲလွဲမှုများ၊ မညီညွတ်မှုများကြောင့် တပ်မတော်သည် တာဝန်အရအိမ်စောင့်အစိုးရအဖြစ် ဆောင်ရွက်ပေးခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင်လည်း နိုင်ငံတော်၏ အခြေအနေအရပ်ရပ် ယိုယွင်းလာသည့်အပြင် တိုင်းပြည်ပြိုကွဲမည့် အရိပ်အငွေ့များဖြစ်ပေါ်လာသဖြင့် တပ်မတော်က အချိန်မီ နိုင်ငံတော်အာဏာသိမ်းကာ တိုင်းပြည်ကို ကယ်တင်ခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် မြေပေါ် မြေအောက် အဖျက်သမားများနှင့် ပြည်တွင်း၊ ပြည်ပမှ တိုင်းပြည်ပြိုကွဲပျက်စီးစေလိုသူများ၏ သွေးထိုးလှုံ့ဆော်မှု၊ လုပ်ကြံဝါဒဖြန့်မှုများကြောင့် မင်းမဲ့စရိုက်များ လွှမ်းမိုးလာကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်လာစေသဖြင့် တပ်မတော်ကပင် နိုင်ငံတော်အာဏာကို သိမ်းယူကာ တိုင်းပြည်ကို ကယ်တင်ခဲ့ရပြန်သည်။

ထိုမှတစ်ဖန် ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲ၌ မဲစာရင်းများ ကိန်းဂဏန်းကြီးမားစွာ မှားယွင်းမှုများကြောင့် အငြင်းပွားမှုများ၊ မကျေနပ်မှုများ ပေါ်ပေါက်နေချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုများကြောင့် တပ်မတော်ကပင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းပြည်ကို ခေတ္တထိန်းသိမ်းစောင့်ရှောက်ခဲ့ရလေသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားတိုင်း ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက်လည်း ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုရရှိအောင် ကြိုးပမ်းလုပ်ဆောင်နေခြင်း ဖြစ်သည်။

အဆိုပါ ရည်မှန်းချက်အောင်မြင်စေရန်အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ခြင်းသည် လွန်စွာအရေးကြီးလှပေသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ပေလိမ့်မည်။ ထို့အပြင် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဖော်ဆောင်နိုင်ပေလိမ့်မည်။

ထိုသို့ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ခိုင်မာစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကို စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က **"ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် အသင့်လျော်ဆုံး နိုင်ငံရေးရည်မှန်းချက် ၂ ရပ်ကို ချမှတ်ခဲ့ပါတယ်။ ဒီနိုင်ငံရေးရည်မှန်းချက် ၂ ရပ်က စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးတို့ဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ခိုင်မာစွာ အာမခံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်"** ဟူ၍ မိန့်ကြားခဲ့ပေသည်။

## လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန်

လွတ်လပ်ရေးဆိုသည်မှာ ရှိနေစဉ် မသိသာလှသော်လည်း လွတ်လပ်ရေးမရှိသည့်အခါ အလွန်ပင် သိသာလှပေသည်။ ကိုယ့်ခြံ ကိုယ့်အရိပ် ကိုယ့်အိမ်တွင် ကိုယ်မနားရခြင်း၊ ကိုယ့်ဆန် ကိုယ့်ထမင်း ကိုယ့်ဟင်းကိုပင် ကိုယ်မစားရခြင်း၊ သူတစ်ပါးပြုသမျှ နုရလေခြင်း ဟူသော အဖြစ်အပျက်များပေါ်ပေါက်လာပေလိမ့်မည်။ လွတ်လပ်ရေးဟူသည် ဆုံးရှုံးဖို့လွယ်ကူသလောက် ပြန်လည်ရရှိဖို့ ခက်ခဲလှပေသည်။ မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးရရှိဖို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တော်လှန်ခဲ့ရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည်။ ထို့ကြောင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရကို မြန်မာပြည်သူတိုင်း အလေးဂရုပြုကာ အမြတ်တနိုးရှိနေပါမှ တော်ကာတန်ကာကျပေလိမ့်မည်။

ထို့ကြောင့်ပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို သမိုင်းဝင်၊ သမိုင်းတွင်လောက်အောင် ခမ်းနားကြီးကျယ်စွာ ကျင်းပပေးခဲ့ခြင်း ဖြစ်လေသည်။ အခမ်းအနားစတင်သည်နှင့် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ချီးဖြူငှက် ၇၅၀ လွှတ်တင်သည်။ ဤအခမ်းအနားကြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကို စစ်ရေးပြမှူးကြီး ဦးဆောင်သည့် နိုင်ငံတော်အလံအဖွဲ့၊ တပ်မတော် (ကြည်း) အလံတော်အဖွဲ့၊ တပ်မတော် (ကြည်း) ကိုယ်စားပြုတပ်ခွဲ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားပြုတပ်ခွဲတို့က တပ်ရင်း (၁) အဖြစ် အပါအဝင် တပ်ရင်း ကိုးရင်းက ချီတက်အလေးပြုကြသည်။

ထိုသို့ အလေးပြုနေစဉ် တပ်မတော်ရဟတ်ယာဉ်များနှင့် အမျိုးအစားစုံလင်လှသော တိုက်ခိုက်ရေးလေယာဉ်၊ ဂျက်လေယာဉ်များက အုပ်စုဖွဲ့ပျံသန်းကာ အလေးပြုကြသည်။ ထိုသို့ အလေးပြုပြီးသည့်နောက် လေထီးအရာရှိ စစ်သည် စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည် စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊ ကြည်း၊ ရေ၊ လေ အလံများ၊ ဝန်ကြီးဌာနကိုယ်စားပြုအလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။ ထို့နောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ်ဖြင့်လည်းကောင်း၊ ဘုရင်၊ အိမ်ရှေ့စံ၊ မိဖုရားများ၊ သားတော်၊ သမီးတော်များ၊ ရုံရွှေတော်များ၊ ဝန်ကြီးများ၊ ပညာရှိအမတ်များ၊ စစ်သူကြီးများ၊ သူဌေးသူကြွယ်များ၊ ဆွေမျိုးတော်များ၊ ဆင်မြင်းဗိုလ်ပါမှူးမတ်များနှင့် ရဲမက်တော်များပါဝင်သည့် ရာဇာဝင်းခင်း၍လည်းကောင်း ချီတက်အလေးပြုကြသည်။

ထို့နောက် တစ်ဖန် တပ်မတော်၏ ခေတ်အဆက်ဆက်ကို ဖော်ညွှန်းသည့် တပ်ခွဲများဖြစ်သော BIA၊ BDA၊ BNA၊ PBF၊ BA၊ ဘယ်ရီတပ်ခွဲ၊ ဂေါ်ရခါးတပ်ခွဲ၊ ပွိုင့် ၃၀၃ တပ်ခွဲ၊ ၅၂ စတင်းတပ်ခွဲ တို့နှင့်အတူ တပ်မတော် ကြည်း၊ ရေ၊ လေ ဂုဏ်ပြုယာဉ်များက အသီးသီးချီတက်အလေးပြုကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ထင်ရှားသည့်အထိမ်းအမှတ်များ၊ လူနေမှုစရိုက်လက္ခဏာများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ထုတ်ကုန်များကိုသရုပ်ဖော်ပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များကလည်း ထူးခြားလှပဆန်းကြယ်သော သရုပ်ဖော်မှုများဖြင့် ချီတက်သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ ကြည့်ရှုရသူတိုင်း အံ့သြဘနန်းဝမ်းမြောက်ပီတိ ဖြစ်မိကြလေသည်။

စာမျက်နှာ ၈ သို့ ❑

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ကူဝိတ်နိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၄

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Mubarak M A Aladwani ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကူဝိတ်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား တည်ရှိပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စွမ်းအင်စသည့်ကဏ္ဍတို့တွင် အကျိုးတူဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် နားလည်မှု၊ ထောက်ခံမှုများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးစသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုယာဉ်ကိုတွေ့ရစဉ်။

**“လွတ်လပ်ရေးဆိုသည်မှာ ရှိနေစဉ်မသိသာလှသော်လည်း လွတ်လပ်ရေး မရှိသည့်အခါ အလွန်ပင်သိသာလှပေသည်။ ကိုယ့်ခြံ ကိုယ့်အရိပ် ကိုယ့်အိမ်တွင် ကိုယ်မနားရခြင်း၊ ကိုယ့်ဆန် ကိုယ့်ထမင်း ကိုယ့်ဟင်းကိုပင် ကိုယ်မစားရခြင်း၊ သူတစ်ပါးပြုသမျှ နုရလေခြင်းဟူသောအဖြစ်အပျက်များ ပေါ်ပေါက်လာပေလိမ့်မည်။ လွတ်လပ်ရေးဟူသည် ဆုံးရှုံးဖို့လွယ်ကူသလောက် ပြန်လည်ရရှိဖို့ ခက်ခဲလှပေသည်။ မြန်မာနိုင်ငံသည် ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးရရှိဖို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တော်လှန်ခဲ့ရသည်။ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြရသည်။ ထို့ကြောင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရကို မြန်မာပြည်သူတိုင်း အလေးဂရုပြုကာ အမြတ်တနိုးရှိနေပါမှ တော်ကာတန်ကာကျပေလိမ့်မည်”**

❑ စာမျက်နှာ ၇ မှ

ထို့ပြင် ယန္တရားစစ်ကြောင်းမှူး ဦးဆောင်၍ တပ်ခွဲပေါင်းစုံတို့၏ ချီတက်အလေးပြုခြင်းသည်လည်း စိတ်ခွန်အားတက်ကြွဖွယ်ကောင်းလွန်းလှပေသည်။ အခမ်းအနားသို့ တက်ရောက်သူအားလုံး ရင်ခုန်စိတ်လှုပ်ရှားရသည်ကတော့ တပ်မတော်(လေ)၏ ဂျက်တိုက်လေယာဉ်များက အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် Smoke Trail များထုတ်လွှတ်၍ ပျံသန်းခြင်းနှင့် SU-30 ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် နှစ်စင်းနှင့် MIG 29 ဘက်စုံသုံးတိုက်လေယာဉ် နှစ်စင်းတို့က Composite Box Formation ဖြင့် အုပ်စုဖွဲ့ပျံသန်းခြင်း၊ SU-30 ဘက်စုံသုံး တိုက်လေယာဉ်တစ်စင်းက တိုက်လေယာဉ်များ၏ အဆင့်မြင့် လှုပ်ရှားစစ်ကစားမှု High Performance Maneuver များကို စွမ်းရည်ပြသခြင်းများပင်ဖြစ်ပေသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကား ခံ့ညားထည်ဝါလွန်းလှသည်။ အဘက်ဘက်မှ ပြည့်စုံလွန်းလှသည်။ အကြားအလပ်မရှိအောင် ထောင့်စေ့အောင် ကြိုတင်ပြင်ဆင်မှု၊ အထပ်ထပ်အခါခါ စိစစ်ညွှန်ကြားမှုပြုခဲ့သဖြင့်လည်း ဤမျှထူးခြားတင့်တယ်ခံ့ညားလှသော အခမ်းအနားတစ်ရပ်အဖြစ် သမိုင်းဝင်ကျန်ရစ်ခဲ့ခြင်းဖြစ်ပေသည်။

### ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်

ဤစိန်ရတုလွတ်လပ်ရေးနေ့၏ ထူးခြားချက်ကား မြန်မာ့လွတ်လပ်ရေးစတင်ရရှိခဲ့သည့် ၁၉၄၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများအား နိုင်ငံတော်က ဘွဲ့ထူးဂုဏ်ထူးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ခြင်းပင်ဖြစ်လေသည်။ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြသူများဟုဆိုရာတွင် တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများကိုသာဆိုလိုခြင်းမဟုတ်ပေ။ ဘက်စုံကဏ္ဍစုံတွင် တာဝန်ကျေပွန်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် အစရှိသည့် အနုပညာရှင်များ၊ ရပ်ကွက်ကျေးရွာအဆင့်အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကိုပါ ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှောက်ရာတွင် ယခင်ခေတ်ကာလအဆက်ဆက်နှင့်မတူညီသော ချီးမြှောက်မှုများကို တွေ့ရှိရပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိန်ရတုလွတ်လပ်ရေးနေ့ကာလအထိ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ခဲ့သူများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာတွင် မိမိတို့အစိုးရကာလအတွင်း ဆောင်ရွက်သူများကိုသာမကဘဲ ယခင်ခေတ်အဆက်ဆက်က ဆောင်ရွက်ခဲ့သူများကိုပါ တလေးတစား တန်ဖိုးထားကာ ချီးမြှောက်ဂုဏ်ပြုခြင်းပင်ဖြစ်ပါသည်။ ပို၍ထူးခြားသည်ကား ယနေ့ကာလတွင် အသက်ခန္ဓာရှင်သန်ခြင်းမရှိတော့သည့် ပုဂ္ဂိုလ်များကိုပါ မေ့လျော့ချန်ထားခြင်းမရှိဘဲ စွမ်းဆောင်ရည်ရှိလျှင် ရှိသလို ချီးမြှင့်ဂုဏ်ပြုခြင်းပင်ဖြစ်ပေသည်။ ထို့ကြောင့်လည်း ကွယ်လွန်သွားခဲ့ပြီး သူတို့၏မျိုးဆက်များမှာ မိမိတို့ မိခင်ဖခင်အတွက်၊ မိမိတို့ အဘိုးအဘွားအတွက် ဂုဏ်ယူဝမ်းသာ ပီတိဖြာခဲ့ကြရပေတော့သည်။

စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားပွဲသဘင်ကြီးကား အောင်မြင်ပြီးမြောက်ခဲ့ပေပြီ။ ထိုအခမ်းအနား ပွဲသဘင်ကြီးသို့ တက်ရောက်ခွင့်ရရှိခဲ့သူများ၊ တက်ရောက်ခွင့်မရသော်လည်း တီဗွီရုပ်မြင်ဖန်သားပြင်မှ ကြည့်ရှုလိုက်ရသူများအားလုံးကတော့ ထိုအခမ်းအနားကြီးအကြောင်းကို တသသပြောဆိုကြ၊ အံ့သြချီးမွမ်းနေကြပါသေးသည်။ အခမ်းအနားသို့ တက်ရောက်နိုင်ခဲ့ခြင်းမရှိသည့် အသက်အရွယ်ကြီးရင့်သူများ၊ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရသော်လည်း သက်ရှိထင်ရှားမရှိတော့သော ပုဂ္ဂိုလ်တို့၏ ဇနီးခင်ပွန်းများ၊ သားသမီးမြေးများ အစရှိသည့် အမွေဆက်ခံသူများထံသို့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တာဝန်ရှိသူ အကြီးအကဲများက အိမ်တိုင်ရာရောက်သွားရောက်ကာ ဘွဲ့တံဆိပ်များပေးအပ်နေပုံ၊ လက်ခံရယူသူတို့၏ ဝမ်းသာပီတိဖြစ်ကြရပုံများကိုလည်း ယနေ့တိုင် တီဗွီရုပ်မြင်ဖန်သားပြင်တွင် ကြည့်ရှုနေရသည်မှာ အလွန်တရာမင်္ဂလာရှိလှပေသည်။

### ရှေ့ဆက်ညီညွတ် အောင်ပန်းဆွတ်စို့

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ရေး၏ အနှစ်သာရ၊ လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ ကျေးဇူးဂုဏ်ကို ပြည်သူအများ လေးနက်စွာ ခံစားရှုမြင်နိုင်စေရေးအတွက် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ပွဲကြီးကို ဝှဲချီး ဆင်ယင်သဘင် ထွတ်မြတ်ခေါ်ဆိုအပ်သည်အထိ ကျင်းပပြီးစီးခဲ့ပြီဖြစ်ပေသည်။ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကို မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ မျိုးဆက်သစ်များသို့ ငြိမ်းချမ်းရေးအမွေပေးအပ်နိုင်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **“လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့”** ဟု တိုက်တွန်းပြောကြားခဲ့ပေသည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်က **“(၇၅) နှစ်မှသည် နှစ်ရာထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ ‘ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိရပါမယ်’”** ဟု မိန့်ကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးကလည်း နိုင်ငံတော်၏ ရည်မှန်းချက်များအောင်မြင်စေရန်၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်နှင့် ကမ္ဘာအရှည်တည်သရွေ့ လွတ်လပ်သော မြန်မာပြည်ဟော့...ဟု ဂုဏ်ယူစွာကြွေးကြော်နိုင်ရန်အတွက် စည်းလုံးညီညွတ်စွာဖြင့် အောင်မြင်မှုပန်းဆွတ်လှမ်းနိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းသည် ခွန်အား ပြည်ထောင်စု၏ နှလုံးသား**

# လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို စည်းလုံးညီညွတ်မှု၊ စွမ်းဆောင်ရည်ရှိမှုတို့ဖြင့် ကျော်လွှားကာ မိမိတို့ဆောင်ရွက်နေသည့် မီဒီယာအခန်းကဏ္ဍကို ပြည်သူ့အတွက် အကျိုးရှိစွာ အသုံးချတတ်စေရန် ကြိုးပမ်းဆောင်ရွက်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ ခရိုင်ဦးစီးမှူးများနှင့် ထူးချွန်ဆုရဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်ညှိနှိုင်းသုံးသပ်၍ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားကြမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးပေါင်း ၄၃၅ ရုံးဖြင့် ဖွဲ့စည်းထားပြီး မီဒီယာအခန်းကဏ္ဍမှ ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံလျက်ရှိသည့် ဌာနတစ်ခုဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် လားရှိုးခရိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ခရိုင်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှု ပထမဆုရရှိသည့် ညောင်ဦးခရိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ထူးခြားသော စွမ်းဆောင်နိုင်မှုများကို ပြသခဲ့သည့် နှစ်တစ်နှစ်ဟုဆိုနိုင်ပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လူငယ်နှင့်စာပေပွဲတော်ကြီးကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ခြင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်အသီးသီးမှ အနုပညာရှင်များဖြင့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော်ရှိ လဟာပြင်ကဇာတ်ရုံကြီး၌ ကျင်းပနိုင်ခဲ့ခြင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့်စာပေ အနုပညာပြပွဲကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC–2) ၌ ကျင်းပခဲ့ခြင်းနှင့် ဓာတ်ပုံပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ စသည်တို့ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း Digital Library စနစ်သို့ အဆင့်မြှင့်တင်နိုင်ရန် Digital Library Management System(DLMS) အသုံးပြုနည်းသင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီး Digital စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းခြင်းဝန်ဆောင်မှုကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သတင်းရေးသားပေးပို့နည်းသင်တန်း၊ ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း စသည့် သင်တန်းများ အပါအဝင် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာသင်တန်းများကို ၅၅၃ ကြိမ် ဖွင့်လှစ်ပို့ချနိုင်ခဲ့ကြောင်း၊ ထိုသို့ နှစ်စဉ် ဖွင့်လှစ်သည့် စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာသင်တန်းများမှတစ်ဆင့် တည်ငြိမ်မှု၊ ထိုးထွင်းသိမြင်မှု စသည့် အရည်အသွေးများ ရရှိအောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များသည် စည်းလုံးညီညွတ်မှုဖြင့် ဆောင်ရွက်ရပါကြောင်း၊ ဆက်လက်၍လည်း ဝန်ထမ်းများက စည်းလုံးညီညွတ်မှုရှိရှိဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အခက်အခဲတွေ့ကြုံနိုင်ကြောင်း၊ ထိုအခက်အခဲများကို စည်းလုံးညီညွတ်မှု၊ စွမ်းဆောင်ရည်ရှိမှုတို့ဖြင့် ကျော်လွှားကာ မိမိတို့ဆောင်ရွက်နေသည့် မီဒီယာအခန်းကဏ္ဍကို ပြည်သူ့အတွက် အကျိုးရှိစွာ အသုံးချတတ်စေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတင်းပိုင်းဆိုင်ရာ၊ ဓာတ်ပုံပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာနှင့် ကဏ္ဍအလိုက် ထူးချွန်ဆုရရှိကြသည့် မြို့နယ်များနှင့် ဝန်ထမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ခရိုင်အဆင့် သတင်းလွှင့်တင်ဖော်ပြခံရမှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် ခရိုင်ရုံးများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြို့နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် နတ်မောက်မြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် တောင်ဥက္ကလာပမြို့နယ်ရုံး၊ တတိယဆုရရှိသည့် တောင်သာမြို့နယ်ရုံး၊ အထူးဆုများရရှိသည့် ကျိုက်ထိုမြို့နယ်ရုံး၊ သီပေါမြို့နယ်ရုံး၊ လှိုင်းဘွဲမြို့နယ်ရုံး၊ ဒေးဒရဲမြို့နယ်ရုံးနှင့် ကျွန်းလှမြို့နယ်ရုံးတို့ကို လည်းကောင်း၊ ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရရှိသည့် လားရှိုးခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ဘားအံခရိုင်ရုံးနှင့် တတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်ရုံးတို့ကို လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးရုံးကို လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား အရာထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ထားဝယ် ဇန်နဝါရီ ၂၄

ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ခုနှစ်မှစ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေအား ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဦးစီးအရာရှိ ဒေါ်ယဉ်ပြုံးပြုံးအောင်တို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အလယ်ကုန်းကျေးရွာသည် ယခုနှစ်တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေအဖြစ် ကျပ်သိန်း ၃၀၀ ရရှိခဲ့သည်။ အလယ်ကုန်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ရှစ်ဦး၊ မွေးမြူရေးလုပ်ငန်း ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်း ၁၂ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း သုံးဦးဖြင့် စုစုပေါင်း ၃၀ သည် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်နိုင်သဖြင့် မိသားစုဝင်ငွေတိုး ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၂

# ထပ်ဆောင်းကာကွယ်ဆေးများ မဖြစ်မနေထိုးနှံလို့ ကိုဗစ် - ၁၉ အိုမီခရွန် မျိုးကွဲသစ်အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်ကြပါစို့

မိုးယံ

အမေရိကန်ပြည်ထောင်စုတွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် XBB 1.5 သည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကမ္ဘာတစ်ဝန်းလုံးတွင် ဆိုးရွားသည့် ကိုဗစ် – ၁၉ ကပ်ရောဂါလှိုင်းသစ်တစ်ခုအသွင် ဖြစ်ပေါ်မလာစေရေး ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ကြရန် သတိပေးပြောဆိုလျက်ရှိသည်။

မိမိတို့ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း Zero Covid Policy ဖြင့် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကို ကောင်းစွာထိန်းချုပ်ထားနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်အကုန် ၂၀၂၃ ခုနှစ်အကူးတွင် အိုမီခရွန်မျိုးကွဲဖြစ်သည့် BA.5.2 နှင့် BF.7 မျိုးစိတ်နှစ်ခု၏ ကူးစက်မှုကြောင့် ရောဂါဖြစ်ပွားမှုများ တစ်ရှိန်ထိုးမြင့်တက်လာခဲ့သည်ကို တွေ့ရှိလာရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်ပြန်ချက်များအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၅၉၉၃၈ ဦးရှိခဲ့ပြီး လူဦးရေ ၅၅၀၃ ဦးသည် ကိုဗစ်–၁၉ ကြောင့် အသက်ရှူလမ်းကြောင်းပျက်စီးကာ အသက်ဆုံးရှုံးရခြင်းဖြစ်ပြီး ကျန်ရှိသည့် လူဦးရေ ၅၄၅၀၀ ခန့်သည် ကိုဗစ်– ၁၉ နှင့်ဆက်စပ်သည့် ရောဂါများကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်ကြောင်း သိရသည်။

### နာတာရှည်ရောဂါအခံရှိသူများဖြစ်

ထိုသို့ အသက်ဆုံးရှုံးရမှုများတွင် အသက် ၈၀ မှ ၈၅ နှစ်အတွင်း သက်ကြီးရွယ်အိုများသည် သေဆုံးမှုနှုန်းများပြားကာ သေဆုံးသူများ၏ ပျမ်းမျှအသက်သည် ၈၀ ဒသမ ၃ နှစ်ခန့်ဖြစ်ပြီး ၎င်းတို့အနက် ၉၀ ရာခိုင်နှုန်းကျော်သည် အသက် ၆၅ နှစ်အထက်ဖြစ်သည်ကို သိရသည်။ ထို့အပြင် သေဆုံးသူအများစုသည် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည်ဖြင့် နာတာရှည်ရောဂါအခံရှိသူများဖြစ်ကြောင်း သိရသည်။

ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထပ်မံထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်မှ ၁၉ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၁၂၆၅၈ ဦးရှိကြောင်း သိရ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်အတွင်း ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၇၂၅၉၆ ဦး ရှိကြောင်း သိရသည်။

အိုမီခရွန် မျိုးဗီဇကွဲများ၏ ကူးစက်မှုပုံစံသည် လျင်မြန်စွာ ကူးစက်ပျံ့နှံ့တတ်သည့် သဘောသဘာဝရှိပြီး လူကြီးလူငယ်မရွေး ကူးစက်ပျံ့နှံ့နိုင်ကြောင်း၊ အဓိကအားဖြင့် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည်ဖြင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါပိုးဝင်ရောက်မှုကြောင့် အသက်ဆုံးရှုံးရမှုများပြားသည်ကို တွေ့ရှိရကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်ပြန်ချက်များအရ လေ့လာသိရှိရသည်။



ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ဇန်နဝါရီ ၂၃ ရက်က ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

အိုမီခရွန်မျိုးကွဲ XBB 1.5 သည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေမှု၏ အဓိကမျိုးစိတ်ဖြစ်လာနေပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ကူးစက်မှုများ၏ ၄ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၄၀ ခန့်အထိ တက်လာသည်ကို တွေ့ရှိရသည့် အတွက် XBB 1.5 သည် အခြားမျိုးကွဲများထက် ပိုမိုလျင်မြန်စွာပွားများနိုင်သည့် အစွမ်းသတ္တိ ရှိသော မျိုးစိတ်တစ်ခုဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တာဝန်ရှိသူက မှတ်ချက်ပြုထားသည်ကို သိရသည်။

သို့ရာတွင် XBB 1.5 အနေဖြင့် အိုမီခရွန်မျိုးစိတ်ဖြစ်သည့်အတွက် မူလအိုမီခရွန်ထက် ရောဂါပိုမိုပြင်းထန်နိုင်ဖွယ်မရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လတ်တလောတွင် ထုတ်ပြန်ထားပြီး ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

### မပေါ့ဆသင့်

အိုမီခရွန်မျိုးကွဲများသည် ဒယ်လ်တာမျိုးဗီဇထက် ကူးစက်မှုပိုမိုသိသာစွာလျင်မြန်သည့် သဘောရှိကာ မိမိတို့အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း အိုမီခရွန်မျိုးကွဲ BA.5.2 နှင့် BF.7 တို့ကြောင့် ကိုဗစ် – ၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်လျက်ရှိပြီး ရောဂါကြောင့် သေဆုံးရမှုများကို တွေ့ရှိနေရသည့်အတွက် အိုမီခရွန်မျိုးကွဲကူးစက်မှုအန္တရာယ်ကို မပေါ့ဆသင့်ကြောင်း ပညာရှင်များက သတိပေးပြောထားသည်။

"အိုမီခရွန်မျိုးကွဲ XBB 1.5 က အစွမ်းသတ္တိနှစ်မျိုးရှိတာကို တွေ့ရပါတယ်။ ပထမအစွမ်းသတ္တိက လူခန္ဓာကိုယ်ရှိ ပဋိပစ္စည်းတွေရဲ့ ခုခံအားစနစ်ကို ရှောင်လွဲနိုင်စွမ်းရှိတာကို တွေ့ရပါတယ်။ ဒုတိယအစွမ်းသတ္တိက ခန္ဓာကိုယ်ရှိဆဲလ်တွေနဲ့ ပိုမိုပူးကပ်ပြီး ဝင်ရောက်နိုင်တဲ့ အစွမ်းရှိတယ်။ ဒါကြောင့် ကူးစက်မှုနှုန်းက အခြားမျိုးစိတ်တွေကို ကျော်လွန်ပြီး လျင်လျင်မြန်မြန်နဲ့ တက်လာခြင်းဖြစ်ပါတယ်" ဟု ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက လက်ရှိ တစ်ရှိန်ထိုးကူးစက်ပြန့်ပွားနေသည့် အိုမီခရွန်မျိုးဗီဇကွဲများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် သုံးသပ်ပြောကြားထားသည်။

### ရောဂါပြင်းထန်မှု မရှိလိုက်ဘဲ

ဆက်လက်၍ "မြန်မာပြည်သူတွေအနေနဲ့ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားပြီးဖြစ်တဲ့အတွက် ကာကွယ်ဆေးကြောင့် ရတဲ့ရောဂါခုခံအား (Vaccine Induced Immunity) အနေနဲ့ ရှိသင့်သလောက်ရှိနေပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမှုအပြင် နှာစေး၊ ချောင်းဆိုးဖြစ်ပြီး မိမိကိုယ်မိမိ ကိုဗစ်– ၁၉ Positive မှန်းမသိဘဲ ရောဂါပြင်းထန်မှု မရှိလိုက်ဘဲ ပြန်လည်ပျောက်ကင်းသွားတဲ့သူတွေလည်းရှိပါတယ်။ ကာကွယ်ဆေးထိုးနှံမှုကနေ တစ်ဆင့်ရရှိတဲ့ Vaccine Induced Immunity နဲ့ ရောဂါပိုးဝင်ရောက်မှုကြောင့် ရလာတဲ့ ကိုယ်ခံအားတို့ ပေါင်းစပ်ပြီးရင် Hybrid Immunity ဆိုတဲ့ ပေါင်းစပ်ကိုယ်ခံအားက ရှိသင့်သလောက် ရှိလာနေပါတယ်။ ဒီလိုမျိုး Hybrid Immunity ရှိသူတွေ၊ Vaccine Induced Immunity ရှိသူတွေ အများစုဖြစ်လာရင် ဆက်လက်ပြီးကောင်းတဲ့အနေနဲ့ လူအုပ်စုအကြား ရောဂါ ခုခံအား (Population Immunity) ကလည်း တစ်ပါတည်းမြင့်တက်လာမှာဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန်ရောဂါ ခံစားရနိုင်မှုတွေကို လျှော့ချနိုင်မယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် Population Immunity တက်လာအောင် ဆောင်ရွက်နိုင်ဖို့က အလွန်အရေးကြီးပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အကောင်းဆုံးနည်းလမ်းက ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုရရှိထားပြီးသူတွေကို ခြောက်လပြည့်တိုင်း ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) နဲ့ နောက်ထပ် ခြောက်လပြည့်တိုင်း အပိုထပ်ဆောင်း ကာကွယ်ဆေး (Additional Booster Doses) ထိုးနှံပေးထားဖို့ဖြစ်ပြီး လူတိုင်းအနေနဲ့ ကာကွယ်ဆေးတွေကို မဖြစ်မနေထိုးနှံမှုခံယူကြဖို့ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကိုဗစ် – ၁၉ ဖြစ်ပွားမှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက အယ်လ်ဖာ၊ ဘီတာ၊ ဂါမာ၊ ဒယ်လ်တာ၊ အိုမီခရွန်ဆိုသည့် ကိုဗစ် – ၁၉ ဗိုင်းရပ်စ် မျိုးစိတ်အသစ်များပြောင်းတိုင်းတွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုလှိုင်းကြီးများအသွင် ဖြစ်ပွားခဲ့ကြောင်း တွေ့ရသည်။

### ကံကောင်းမှုတစ်ခု

ယခုအခါ ကမ္ဘာတစ်ဝန်း ကူးစက်ပျံ့နှံ့နေသည့် BA.4, BA.5, BA.5.2, BF.7, XBB.1.5 စသည့် ကိုဗစ်– ၁၉ မျိုးဗီဇပြောင်းရောဂါပိုးတို့သည် အိုမီခရွန်၏ မျိုးကွဲများအဖြစ်သာ ထွက်ပေါ်လာခြင်းဖြစ်၍ ဒယ်လ်တာကဲ့သို့ မျိုးစိတ်သစ်ကြီးတစ်ခု ထပ်မံပေါ်ထွက်မလာသည်မှာ မိမိတို့ လူသားမျိုးနွယ်အတွက် ကံကောင်းမှုတစ်ခုပင်ဖြစ်သည်။

ကိုဗစ် – ၁၉ ဗီဇပြောင်း ဗိုင်းရပ်စ်များ မည်သို့ပင် ဝင်လာစေကာမူ ပါးစပ်နှာခေါင်းစည်း (Mask) တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေထိုင်ခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ထိရောက်စွာ လျှော့ချနိုင်မည်ဖြစ်သည်။ ကူးစက်မှုများ ဝင်ရောက်လာမည်ဆိုပါကလည်း ကာကွယ်ဆေးနှင့် အပိုထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်စွာခံစားရမှု၊ ရောဂါကြောင့် အသက်ဆုံးရှုံးမှုများမှ သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

**သို့ဖြစ်၍ ယခုအချိန်သည် နိုင်ငံတကာတွင်လည်း ကူးစက်ပျံ့နှံ့နေပြီး မိမိတို့နိုင်ငံသို့လည်း ဝင်ရောက်လာနိုင်သည့် ကိုဗစ် – ၁၉ မျိုးကွဲသစ်များ၏ အန္တရာယ်ကို ကြိုတင်သိရှိကာကွယ်၍ ရောဂါပိုးကူးစက်ခံရမှုကြောင့် အသက်သေဆုံးမှုမရှိစေရေးအတွက် ထပ်ဆောင်းကာကွယ်ဆေး Booster Dose များကို လူတိုင်းမဖြစ်မနေ ထိုးနှံမှုခံယူသင့်သည့် အချိန်ဖြစ်သည်။**

အထူးသဖြင့် အသက် ၄၀ နှစ်အထက် နာတာရှည် ရောဂါအခံရှိသူများတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားသော်လည်း ခန္ဓာကိုယ်၏ခုခံအားစနစ်နှင့် ကာကွယ်ဆေးကြောင့် ရရှိလာသည့် ရောဂါကို ခုခံကာကွယ်နိုင်စွမ်းအားသည် သာမန်လူကောင်းများနှင့် နှိုင်းယှဉ်ပါက အားနည်းနိုင်သကဲ့သို့ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများသည်လည်း ကာကွယ်ဆေးကြောင့် ရရှိလာသည့်ခုခံအားစနစ်သည် လူငယ်များနှင့် မတူညီဘဲ အားနည်းနိုင်သည့်အတွက် ထိုကဲ့သို့သော လူအုပ်စုများတွင် ပါဝင်သူများသည် ထပ်ဆောင်းကာကွယ်ဆေး Booster Dose ထိုးနှံမှုများကို ၆ လပြည့်သည်နှင့် မဖြစ်မနေထပ်မံထိုးနှံထားရန် လိုအပ်သည်။

စာမျက်နှာ ၁၁ သို့ ❍

**အိုမီခရွန် မျိုးဗီဇကွဲများ၏ ကူးစက်မှုပုံစံသည် လျင်မြန်စွာကူးစက်ပျံ့နှံ့တတ်သည့် သဘောသဘာဝရှိပြီး လူကြီးလူငယ်မရွေး ကူးစက်ပျံ့နှံ့နိုင်ကြောင်း၊ အဓိကအားဖြင့် သက်ကြီးရွယ်အိုများ၊ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စသည်ဖြင့် နာတာရှည်ရောဂါအခံရှိသူများတွင် ရောဂါပိုးဝင်ရောက်မှုကြောင့် အသက်ဆုံးရှုံးရမှုများပြားသည်ကို တွေ့ရှိရကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထုတ်ပြန်ချက်များအရ လေ့လာသိရှိရ။**

**အိုမီခရွန်မျိုးကွဲ XBB 1.5 သည် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့နေမှု၏ အဓိကမျိုးစိတ်ဖြစ်လာနေပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ကူးစက်မှုများ၏ ၄ ရာခိုင်နှုန်းမှ ရာခိုင်နှုန်း ၄၀ ခန့်အထိ တက်လာသည်ကို တွေ့ရှိရသည့်အတွက် XBB 1.5 သည် အခြားမျိုးကွဲများထက် ပိုမိုလျင်မြန်စွာ ပွားများနိုင်သည့် အစွမ်းသတ္တိရှိသော မျိုးစိတ်တစ်ခုဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တာဝန်ရှိသူက မှတ်ချက်ပြုထား။**

# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း (၂၀၂၃ ခုနှစ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာ ကျောင်းသား ကျောင်းသူများက လူတိုင်းအတွက်ပညာရေးကိုယ်စားပြု "ဝထကလသ" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုဖွင့်လှစ်သည်။

**ရက် ၄၀ တိုင် ဆောင်ရွက်သွားမည်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တောင်ကြီးမြို့နယ်၊ ကလောမြို့နယ်နှင့် ဟိုပုံးမြို့နယ်များတွင် ဇန်နဝါရီ ၂၂ ရက်မှစ၍ ရက် ၄၀ တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်နယ်အတွက် ဝမ်းမြောက်ဂုဏ်ယူရသည့်နေ့ ဖြစ်ပါကြောင်း။

အဆိုပါ စာတတ်မြောက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုရလဒ်များအဖြစ် ကုလသမဂ္ဂ လက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးက ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုကို ၁၉၇၁ ခုနှစ် နှင့် နိုမာဆုတို့ကို ၁၉၈၃ ခုနှစ်များတွင် ရရှိခဲ့သည့်အတွက် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် ဂုဏ်တင့်တယ်ခဲ့ပါကြောင်း။



မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးဝန်ကြီးများညီလာခံက ထုတ်ပြန်ထားသည့် အင်ချွန်းကြေညာစာတမ်းပါ **"သက္ကရာဇ် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူငယ်များနှင့် အရွယ်ရောက်ပြီးသူ အမျိုးသားများနှင့် အမျိုးသမီးများအားလုံး အရေး၊ အဖတ်နှင့် အတွက်အချက်တတ်မြောက်စေရေး"** ဟူသော ဘုံရည်မှန်းချက်ပန်းတိုင်ပြည့်မီအောင် မြန်မာနိုင်ငံတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းများ ရေးဆွဲ၍ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းသင်ပညာရေးကို အားပေးသလို ကျောင်းပြင်ပပညာရေးကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရန်နှင့် "စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး"ကို ဆောင်ရွက်သွားရန်အတွက် စိန်ရတုလွတ်လပ်ရေးနေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ကြားထားခဲ့ပြီးဖြစ်ပါကြောင်း။

**အထူးပင်ကျေးဇူးတင်**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်သုံးခုတွင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းစီမံဆောင်ရွက်ပေးသည့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်က ဖွဲ့စည်းပေးထားသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်/ကျေးစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ နာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ ကျောင်းသားကျောင်းသူများက "စာတတ်မြောက်ရေး ဝိုင်းကူပေး" တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေခဲ့ကြသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူကိုယ်စားလှယ်များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့နယ် အထက(ခွဲ)၊ ပေါင်လင်းစက်မှုနှင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ချင်းကုန်းစာတတ်မြောက်ရေးစာသင်ဝိုင်းနှင့် တောင်ကြီးမြို့ ကျောက်တစ်လုံးကြီးမြို့နယ်ခွဲ ဒုံအုံးစာတတ်မြောက်ရေးစာသင်ဝိုင်းများသို့သွားရောက်၍ စာတတ်မြောက်ရေးသင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ စာသင်သားများနှင့် နည်းပြများကို စာတတ်မြောက်ရေးထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီးအား သွားရောက်တွေ့ဆုံ




**နေပြည်တော် ဇန်နဝါရီ ၂၄**

တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် (ဒုတိယအကြိမ်)ဖြင့် ထိုင်းနိုင်ငံ၌ ရောက်ရှိနေသော တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Chuti Krairiksh အား ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံ ရှိရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်သွားရေး၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ဖလှယ်ရေး၊ တိုင်းရင်းသားလူမျိုးများ အပြန်အလှန်အကျိုးကျေးဇူးရရှိစေရေး နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု၍ သာယာဝပြောရေး တိုးမြှင့်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကရင်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစန်းကို၊ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့် သံမှူးကြီး ဦးမော်ဗလ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ လူမှုဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။ **သတင်းစဉ်**

❍ **စာမျက်နှာ ၁၀ မှ**

**သို့မှသာ ၎င်းတို့အကြားတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါပြင်းထန်စွာခံစားရမှု၊ ဆေးရုံတက်ရောက်ရမှုနှင့် နောက်ဆက်တွဲအသက်ဆုံးရှုံးရမှုများကို ထိထိရောက်ရောက် ကာကွယ်နိုင်မည်ဖြစ်သည်။**

ထိုသို့ ထပ်ဆောင်းကာကွယ်ဆေး Booster Dose များ ထိုးနှံမှုကို ခြောက်လတစ်ကြိမ် ရရှိထားသည့် လူအုပ်စုအတွင်း ကိုဗစ်- ၁၉ ရောဂါ ခုခံအား Population Immunity မြင့်တက်ရာမှ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကွင်းဆက်များကို လျင်လျင်မြန်မြန် ဖြတ်တောက်နိုင်၍ ဖြစ်ပေါ်လာနိုင်သည့်နောက်ဆက်တွဲ ဆိုးကျိုးများနှင့် လူမှုစီးပွားဘဝထိခိုက်နိုင်သည့် အန္တရာယ်ကိုလည်း ထိရောက်စွာ ရှောင်လွှဲလျှော့ချနိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ကိုဗစ် -၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေကို မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိပြီး ကိုဗစ် - ၁၉ ထပ်ဆောင်းကာကွယ်ဆေးများကို ကျေးလက်ဒေသများအထိ ထိုးနှံပေးလျက်ရှိပါသည်။ ထို့အပြင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သတိပေးလမ်းညွှန်ချက်များကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိရာ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုလျှော့ချနိုင်မည့် နေထိုင်မှုပုံစံများအတိုင်း လိုက်နာကျင့်သုံးကြရန်လိုအပ်လှပေသည်။

ထိုသို့ ကိုဗစ်-၁၉ နေထိုင်မှုပုံစံနည်းလမ်းများ၊ စည်းကမ်းများကို သတိပြုလိုက်နာခြင်းသည်လည်း ကိုဗစ်-၁၉ ရောဂါပိုးဝင်ရောက်ကူးစက်မှုနှင့် ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရခြင်းကို သိသာစွာလျှော့ချပေးနိုင်ပါသည်။

ပါးစပ်နှာခေါင်းစည်း (Mask) တပ်၊ လက်ဆေး၊ ခပ်ခွာခွာနေထိုင်ခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ လူအများနှင့် နေထိုင်လုပ်ကိုင်ရသည့်နေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် မဖြစ်မနေ Mask တပ်ကြရန်နှင့် မိမိတို့နေထိုင်ရာနေရာများကို လေဝင်လေထွက် ကောင်းမွန်အောင် ပြုလုပ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနမှ သတိပေးလမ်းညွှန်ထားပါသည်။

ထို့ပြင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် ပြည်တွင်းသို့ မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးများ မဝင်ရောက်လာစေရေးအတွက် နယ်စပ်ဝင်/ထွက်ပေါက်များနှင့် လေဆိပ်များတွင် ဝင်ရောက်လာသူများ လိုက်နာရမည့် ကိုဗစ် - ၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ပေးထားပြီး ၎င်းတို့ကို တိကျစွာလိုက်နာကျင့်သုံး ဆောင်ရွက်ကြရန် လိုအပ်လှသည်။

ထပ်မံတိုက်တွန်းလိုသည်မှာ ကာကွယ်ဆေးထိုးနှံမှုများကို စနစ်တကျ အကြိမ်ပြည့်ခံယူကြရန်နှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံကြရန်၊ ကာကွယ်ဆေးထိုးပြီးဖြစ်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ အကြံပြုချက်များအတိုင်း အားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် နှိုးဆော်လိုပါသည်။

ထိုသို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်း၊ ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ စည်းကမ်းများကို လိုက်နာကာ နေ့စဉ်ဘဝတွင် ခပ်ခွာခွာနေထိုင်ကြခြင်းဖြင့် ကမ္ဘာကြီးကို ဖျားနာအောင် ဝင်ရောက်မွှေနှောက်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီး၏ ကူးစက်မှုသံသရာကို ဝိုင်းဝန်းကာကွယ် ရပ်တန့်လိုက်ကြပါစို့ဟု ....။ ။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) မှ ဆက်ကပ်လှူဒါန်းပူဇော်သော ဘွဲ့တံဆိပ်တော်များ ရရှိသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကို ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ရှိ မြမဟာဓမ္မ ဗိမာန်တော်ကြီး၌ ပြုလုပ်ရာ မြစေတီစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူး ပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့ တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ တာဝန်ရှိ သူများနှင့် ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသည့် လူပုဂ္ဂိုလ် များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီး များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူ များက ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)မှ ဆက်ကပ်လှူဒါန်းပူဇော်သည့် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မ ဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် မွန် ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဆရာတော်ကြီးများ အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ၊ မဟာမင်္ဂလဓမ္မဇောတိကဓဇနှင့် မင်္ဂလဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မွန်ပြည်နယ် မော်လမြိုင်မြို့ မန္တလေးရပ်ကွက် ပြည်လုံးချမ်းသာ စေတီတော်မြတ် ကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း YMBA ဥက္ကဋ္ဌ ဦးဝင်းနိုင်ဦးက ပေးအပ်လှူဒါန်း ရာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူ သည်။ ဆက်လက်၍ ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ရုံးအမှတ်(၅၅)တွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် ငွေကြေးခဝါချမှုနှင့် အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက် ရေးလုပ်ငန်းအဖွဲ့၏ တစ်ပတ်လျှင် နှစ်ကြိမ်ပြုလုပ်သည့် ပုံမှန်အစည်းအဝေး တွင် လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ မြန်မာနိုင်ငံ တော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ က အဖွင့်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ကမ္ဘောဒီးယား နိုင်ငံ၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည့် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) ၏ မျက်နှာစုံညီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နှင့် အဖွဲ့ဝင်များက မျက်နှာစုံညီအစည်း အဝေးတွင် မြန်မာနိုင်ငံ၏ တိုးတက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ အကဲဖြတ်သူ များ၏ မေးခွန်းများအပေါ် မြန်မာအဖွဲ့က ပြန်လည်ဖြေကြားချက်များကို ရှင်းလင်း တင်ပြကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်လက် ဆောင်ရွက်ရန် လိုအပ်သည့်အချက်များ ကို ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဖေဖော် ဝါရီ ၁ ရက်တွင် အာရှ–ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG)သို့ မြန်မာနိုင်ငံ၏ အကဲဖြတ်ချက် အစီရင်ခံစာပါ စံနှုန်းနိမ့်သည့် အကြံပြု ချက်များအတွက် စံနှုန်းတိုးမြှင့်တောင်း ခံမည့်နည်းပညာပိုင်းဆိုင်ရာ လိုက်နာမှု အပေါ် အကောင်အထည်ဖော်ဆောင်ရွက် မည့် အစီအမံများနှင့်စပ်လျဉ်း၍ လိုအပ် သည့် ညွှန်ကြားချက်များကို သတ်မှတ် ရက်တွင် ထည့်သွင်းပေးပို့နိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က မြန်မာနိုင်ငံ တော်ဗဟိုဘဏ်နှင့်သက်ဆိုင်သည့် ကိစ္စ ရပ်များကိုလည်းကောင်း၊ လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင် များက အကောင်အထည်ဖော်ရမည့် သက်ဆိုင်ရာဌာနအလိုက် ဆက်လက် ဆောင်ရွက်ရမည့်အချက်များကိုလည်း ကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိ သူများက လိုအပ်သည်များကို ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော် ဝင်းသိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဗဟိုစာရင်း... အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေး ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်(နိုင်ငံ ဖြတ်ကျော်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် (မှုခင်းနှင့် ဥပဒေရေးရာ ဌာနကြီး)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) မောင်မယ်သစ်လွင်ကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၄**

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၏ တက္ကသိုလ်အမည် ကျောက်စိမ်းကမ္ပည်း မော်ကွန်းတင်ဖွင့်ပွဲနှင့် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများ မောင်မယ် သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း တွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)၏ တက္ကသိုလ်အမည် ကျောက်စိမ်းကမ္ပည်း မော်ကွန်းတင်ဖွင့်ပွဲအခမ်းအနားကျင်းပရာ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီနှင့် တာဝန်ရှိ သူများက ကမ္ပည်းမော်ကွန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြ သည်။




ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ပထမနှစ်ကျောင်းသား ကျောင်းသူများ မောင်မယ် သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက တက္ကသိုလ်၏ဂုဏ်သိက္ခာ နှင့် အစဉ်အလာကောင်းများကို အစဉ်အမြဲထိန်းသိမ်း စောင့်ရှောက်ကြရန်၊ လေ့လာဆည်းပူးခဲ့ရသော လူမှု စီးပွားရေးပညာရပ်များကို အခြေခံ၍ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်သည့် စွမ်းအား ပြည့်ပူးပေါင်းဆောင်ရွက်သော လူငယ်လူရွယ်များ ဖြစ်အောင် ကြိုးစားကြရန်နှင့် လူမှုစီးပွားရေးစနစ်ကို အခြေခံသော သမဝါယမသဘောတရား၊ မူဝါဒ၊ အနှစ် သာရနှင့် ကျင့်ဝတ်များကို လေးစားတန်ဖိုးထားသည့် လူငယ်လူရွယ်များဖြစ်စေရန် မှာကြားသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ပါမောက္ခ ချုပ် ဒေါက်တာမို့မို့ရီက သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း)၏ တက္ကသိုလ်အမည် ကျောက်စိမ်းကမ္ပည်းမော်ကွန်းတင်ဖွင့်ပွဲ အခမ်းအနား ကျင်းပရခြင်းအကြောင်း ပြောကြားပြီး မောင်မယ် သစ်လွင်များကို ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီနှင့် တာဝန်ရှိသူများက ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ များကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ကျောင်းသား ကျောင်းသူများ၏ အကအလှများဖြင့် ဖျော်ဖြေ တင်ဆက်မှုများကို အားပေးကြည့်ရှုပြီး ဂုဏ်ပြုဆုငွေ များ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ စာသင်ဆောင် များ၊ ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိ သူများနှင့်အတူ ရွှေကမ္ဘာငွေစုငွေချေးသမဝါယမ အသင်း၊ စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်ရေးသမဝါယမအသင်း၊ မန္တလေးတိုင်းဒေသ ကြီးသမဝါယမအသင်းစုချုပ်တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသော မန္တလေးတိုင်းဒေသကြီး ပြည်ကြီး တံခွန်မြို့နယ်ရှိ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံသို့ ရောက် ရှိပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ကာ သဘာဝမြေဩဇာထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်း ဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အီရန်နှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်

**တီဟီရန် ဇန်နဝါရီ ၂၄**

အီရန်နှင့် ရုရှားနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း အီရန်ပါလီမန်ဥက္ကဋ္ဌ မိုဟာမက်ကွာလီဘတ်က ပြောကြားခဲ့သည်။

မိမိတို့နှစ်နိုင်ငံစလုံးသည် အမေရိကန်၏ ရက်စက်သည့် အရေးယူပိတ်ဆို့မှုဒဏ်ကို ခံစားနေရကြောင်း ၎င်းကပြောကြားသည်။ အဆိုပါပြောကြားချက်များကို ရုရှားဒူးမားလွှတ်တော်ဥက္ကဋ္ဌ Vyacheslav Volodin နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်၏ အရေးယူပိတ်ဆို့မှုများသည် ရုရှား၊ အီရန်နှင့် အခြားကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေခဲ့ကြောင်း ၎င်းကပြောကြားသည်။ အီရန်နှင့်ရုရှားလွှတ်တော်ဥက္ကဋ္ဌများ တွေ့ဆုံဆွေးနွေးရာတွင် သက်ဆိုင်ရာနိုင်ငံများအကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ခေတ်မီနည်းပညာများဖလှယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ရုရှားနှင့် အီရန်နိုင်ငံရှိဘဏ်များအနေဖြင့် နှစ်နိုင်ငံစလုံးတွင် ဘဏ်များအပြန်အလှန်ဖွင့်လှစ်ခြင်းဖြင့် ငွေကြေးသုံးစွဲမှု အဆင်ပြေလာမည်ဖြစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်လာနိုင်သောကြောင့် ဘဏ်များအပြန်အလှန် ဖွင့်လှစ်ဆောင်ရွက်ကြရေးအတွက် ကွာလီဘတ်က တိုက်တွန်းပြောကြားခဲ့သည်။ ရုရှားနှင့် အီရန်အကြား ဆက်ဆံရေးသည် လက်ရှိတွင် တိုးတက်လျက်ရှိပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ မြင့်တင်လျက်ရှိကြောင်း ရုရှားဒူးမား လွှတ်တော်ဥက္ကဋ္ဌ Volodin ကပြောကြားသည်။



ထို့ပြင် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများကြောင့် ရုရှားနှင့် အီရန်အကြား ဆက်ဆံရေးပိုမိုခိုင်မာလာကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်

**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ၂၀၂၂ ခုနှစ်အတွင်း သိသိသာသာမြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုမှ အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၀ ဒသမ ၄ ဘီလီယံအထိ ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ယခင်လများနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့ ကုဗမီတာ ၂၁၇ ဒသမ ၈ ဘီလီယံအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၄ ရာခိုင်နှုန်းထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့တန်ချိန် ၁၀၉ ဒသမ ၂၅ သန်း တင်ပို့နိုင်ခဲ့ကြောင်းနှင့် ယင်းပမာဏသည် ယမန်နှစ်ကနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဆော်ဒီအာရေဗျနိုင်ငံက ၂၀၂၃ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံမှ အလုပ်သမားနှစ်သိန်းကျော် ခေါ်ယူမည်

**ကိုလံဘို ဇန်နဝါရီ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံမှ အလုပ်သမားနှစ်သိန်းကျော်အထိ ခေါ်ယူလိမ့်မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ အလုပ်သမားနှင့် ပြည်ပအလုပ်အကိုင်ဌာနဝန်ကြီး မာနူရှာနာနာယက်ကာရာက ဇန်နဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံမှ အလုပ်သမား ၅၄၀၀၀ ခေါ်ယူခဲ့ကြောင်း၊ အဆိုပါနှစ်အတွင်း သီရိလင်္ကာနိုင်ငံမှ ပြည်ပအလုပ်အကိုင်အတွက် သီရိလင်္ကာနိုင်ငံသား သုံးသိန်းကျော် စေလွှတ်ခဲ့ကြောင်းနှင့် အများစုမှာ အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမားနှင့် ပြည်ပအလုပ်အကိုင်ဌာနဝန်ကြီး မာနူရှာနာနာယက်ကာရာက မီဒီယာများအား ပြောကြားသည်။

အလုပ်သမားများ၏ ငွေလွှဲပေးပို့မှုသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိမှုတွင် အများဆုံး အရင်းအမြစ်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံမှ အလုပ်သမားများသည် ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံအထိ ငွေလွှဲပေးပို့ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံ ဗဟိုဘဏ်က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# လာအိုအစိုးရက ယခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ သန်း ၃၄၀ ဝင်ငွေရရှိရေး ဆောင်ရွက်သွားမည်

**ဗီယင်ကျန်း ဇန်နဝါရီ ၂၄**

လာအိုအစိုးရသည် ယခုနှစ်အတွင်း ပြည်တွင်းနှင့် ပြည်ပ ခရီးသည်အရေအတွက် ၁ ဒသမ ၄ သန်းကို ခရီးသွားလာမှုများပြုစေရေး ဆွဲဆောင်နိုင်ရန် ရည်မှန်းထားပြီး နိုင်ငံ၏ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၃၄၀ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လာအိုအစိုးရက ပြောကြားသည်။

**တိုးချဲ့ပြေးဆွဲသွားမည်**

လာအိုနိုင်ငံအတွင်း ခရီးသွားလာရေး အစီအစဉ်များ အဆင်ပြေမှုရှိစေရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရေးအတွက် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများအား လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး Suanesavanh Vignaket က တိုက်တွန်းခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် ခရီးသွားလာရေးအထင်ကရနေရာများနှင့် ဟိုတယ်များကို အဆင့်မြှင့်တင်ရေးအတွက် ဗဟိုနှင့် ဒေသန္တရတာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ၎င်းကပြောကြားခဲ့သည်။ လာအိုနိုင်ငံ ခရီးသွားလာရေး မြှင့်တင်မှုအစီအစဉ်ကို ယခုနှစ်အတွင်း ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ ပြည်တွင်းပြည်ပမှ ခရီးသည်များကို လာအိုနိုင်ငံအတွင်း ခရီးသွားလာမှုများပြုလုပ်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် နိုင်ငံအတွင်း တရုတ်ခရီးသည်များ ဝင်ရောက်လာရေးကိုဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် လာအိုလေကြောင်းလိုင်းသည် မြို့တော်ဗီယန်ကျင်းမှ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ပုံမှန်လေကြောင်းပြေးဆွဲမှုရှိပြီး မကြာမီအချိန်တွင် ကွမ်ကျိုး၊ ရှန်ဟိုင်း၊ ချန်ဒူး၊ ချန်ဖူးနှင့် ဟန်ဖူးမြို့တို့သို့ ခရီးစဉ်များ တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ပါကစ္စတန်နိုင်ငံ၌ ဒစ်ဂျစ်တယ်နည်းပညာဖြင့် လူဦးရေနှင့် သန်းခေါင်စာရင်း ပထမဆုံးအကြိမ် ကောက်ယူမည်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၄**

ပါကစ္စတန်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ယခုနှစ်နှောင်းပိုင်းတွင် ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပါကစ္စတန်စာရင်းအင်းဗျူရိုက ပြောကြားသည်။

ယခုအကြိမ်သည် နိုင်ငံအတွင်း ပုံမှန်သန်းခေါင်စာရင်း ခုနစ်ကြိမ်မြောက် ကောက်ယူခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းတွင် အဆိုပါ ဒစ်ဂျစ်တယ်နည်းပညာဖြင့် လူဦးရေနှင့် သန်းခေါင်းစာရင်း ကောက်ယူနိုင်ရေးအတွက် ဝန်ထမ်း ၁၂၁၀၀၀ ကို သင်တန်းပေးထားပြီး လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူရေးစင်တာ ၉၉၂ ခုကို တည်ထောင်ပြီးဖြစ်ကြောင်း ၎င်းဗျူရိုက ပြောကြားသည်။ အဆိုပါ အစီအစဉ်အရ ခေတ်မီနည်းပညာ အသုံးပြု၍ တိကျသည့် ရလဒ်များ ရရှိလာစေရေး ဆောင်ရွက်မည်ဖြစ်သဖြင့် လူဦးရေဆိုင်ရာ အချက်အလက်များကို တိကျစွာသိရှိနိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်း အလုပ်အကိုင်ရရှိရေးတွင် ညီမျှသည့် အခွင့်အရေးများ ရရှိလာနိုင်မည်ဖြစ်ကာ နိုင်ငံအတွင်းရှိ သဘာဝသယံဇာတအရင်းအမြစ် အရေအတွက်ကိုလည်း တိကျစွာသိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၁၅,၉၁၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၅၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၅၁၅ ဦးကို ၎င်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၇၀၊ ခွဲစိတ်ရောဂါ ၁၁၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၈၀၊ ကလေးရောဂါ ၈၈ ဦး၊ အရိုးရောဂါ ၁၂၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၀၉ ဦး၊ မျက်စိရောဂါ ၃၄၆ ဦးနှင့် သွားရောဂါ ၈၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေ ခွဲစိတ်လူနာ ၅၆ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၃၀ တို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် ဓာတ်မှန်ရိုက်လူနာ ၃၇ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၀၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၆ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၅၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံများနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

### စားသောက်ဖွယ်ရာများပေးအပ်

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့အတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်

လှည်းကူး ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် လှည်းကူးမြို့မဈေးကြီး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက လှည်းကူးမြို့မဈေးကြီးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ဝင်းလွင်ဦးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးယုလွင်က ဈေးမီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခဲ့ပြီး မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ခြင်းများ သရုပ်ပြဆောင်ရွက်ခဲ့သည်။

### တက်ရောက်

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်မင်းထွန်း နှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ ဈေးအကျိုးတော်ဆောင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ဉာဏ်ဟိန်း



ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသိန်းဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသည့် သွေးလိုအပ်သော လူနာများအတွက် စုပေါင်းသွေးလှူဒါန်းစဉ်။ ကျော်စိုးမိုး

တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရအရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ထွန်းထွန်းလင်းသည် ၎င်းအသုံးပြုသည့် “U Tun Tun” Facebook အကောင့်၊ ပုသိမ်ကြီးမြို့နယ် ပုဏ္ဏားကုန်းကျေးရွာနေ အေးအေးမြင့်(ခ) ဂေါက်ထူသည် ၎င်းအသုံးပြုသည့် “Aye Aye Myint” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ အိအိသိန်းသည် ၎င်းအသုံးပြုသည့် “Ei Ei Thein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဆွေးနွေးပွဲကျင်းပ

လပွတ္တာ ဇန်နဝါရီ ၂၄



ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင် သုံးမိုင်မြို့သစ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမိုးမိုးခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါက်တာဖြူဖြူဝင်းက အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြစ်သဖြင့် ချေးမည့်ငွေအတွက် အာမခံပစ္စည်း တင်ပြရမည်ဖြစ်ရာ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အပြေအကျေပြန်လည် ပေးအပ်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ရရှိသူ ဖြစ်ရမည်ဖြစ်ကြောင်း၊ တိုင်းတစ်တိုင်းလုံးတွင် ကြက်ယူနစ် ၈၀၊ ဝက်ယူနစ် ၅၀နှင့် ဘဲယူနစ် ၂၀ ရရှိကြောင်း ပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ “စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ PDF အကြမ်းဖက်သမားများ သတ်ဖြတ်မှုကြောင့် အသက် ခြောက်နှစ်အရွယ် ကလေးငယ် အပါအဝင် မိသားစုဝင် ရှစ်ဦးသေဆုံးခဲ့” ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “KNPP/PDFအကြမ်းဖက်သမားများက ကယားပြည်နယ် လွိုင်ကော်မြို့ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ချိတ်ဆက်သွယ်တန်းထားသော မဟာဓာတ်အားလိုင်း တာဝါတိုင်ကို မိုင်းခွဲဖျက်ဆီး” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉ ၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

☆ ကျောဖုံးမှ

အဆိုပါ မီးရှို့ခံရသည့်ဖြစ်စဉ်များအား စိစစ်ဖော်ထုတ်ခဲ့ရာ **မျက်မြင်ကိုယ်တွေ့ ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များအရ NUG၊ PDF၊ KIA အကြမ်းဖက်သမားများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ငန်းများကို မထောက်ခံသည့်ကျေးရွာများ၊ ဆက်ကြေးမပေးသည့် ကျေးရွာများနှင့် ၎င်းတို့၏အန္တရာယ်ကိုကာကွယ်ရန် ပြည်သူ့စစ်ဖွဲ့စည်းထားသည့် ကျေးရွာများကို အဓိကပစ်မှတ်ထား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ တိုက်ပွဲဖြစ်ပွားသည့် ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၎င်းတို့၏ နောက်သို့ထက်ကြပ်လိုက်ပါ၍ နှိမ်နင်းမှုများ မဆောင်ရွက်နိုင်စေရန် ဆုတ်ခွာရာလမ်းကြောင်းတစ်လျှောက် လူနေအိမ်များအား မီးရှို့ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ကျေးရွာနေပြည်သူများအား မောင်းထုတ်ကာ ၎င်းတို့မရှိချိန် မီးရှို့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့လေဟန် မဟုတ်မမှန်လုပ်ကြံပြီး ရွာသားများကို အသိပေးခြင်းများအား ရက်စက်ယုတ်မာစွာ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း** ဖော်ထုတ်တွေ့ရှိရပါသည်။ မီးရှို့ဖြစ်စဉ်များကို မျက်မြင်ကိုယ်တွေ့ ဒုက္ခကြုံတွေ့ခဲ့ရသည့် ကျေးရွာပြည်သူများ၏ ရင်ဖွင့်ပြောကြားချက်များကို ယခုကဲ့သို့ စိတ်မချမ်းမြေ့ဖွယ် ကြားသိရသည်။

"သူတို့တွေ အဝင်/အထွက်တော့ရှိတာပဲ။ ယူနီဖောင်းတွေနဲ့ ၄၀/၅၀ လောက်ပဲ။ အရပ်ဝတ်တွေရော၊ ပြောက်ကျားအစိမ်းတွေနဲ့ရော။ ကျွန်တော့်အိမ်ကို အဲ့ဒီကောင်တွေပဲ မီးရှို့သွားတာ၊ ပြောက်ကျားအစိမ်းတွေနဲ့ ဘာတွေလဲတော့မသိဘူး။ PDF တွေလား၊ KIA တွေလား မသိဘူး။ မြင်လိုက်တယ်"ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"ပစ်တာခတ်တာကြားလို့ လယ်ထဲကနေ ကြောက်လို့ဆိုပြီး ရွာထဲကိုပြန်လာတော့ ဒီလည်း ရောက်ရော စစ်တပ်ကဝင်လာတော့၊ စစ်တပ်နဲ့လည်း ပစ်ကြပြီးအထွက်မှာ မီးရှို့သွားတာလောက်ပဲ သိပါတယ်ခင်ဗျာ။ မီးရှို့သွားတာက PDF တွေရှို့သွားတာ။ တခြားအဖွဲ့တွေလည်း ပါပါတယ်။ ဝတ်ထားတာကတော့ ပြောက်ကျားတွေပါတယ်။ တချို့အရပ်ဝတ်တွေလည်းပါပါတယ်။ ကျွန်တော်က မိသားစုမရှိပါဘူး။ တစ်ကောင်ကြွက်ပါ။ စာရင်းငှားလာလုပ်တာပါ"ဟု မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"PDF တွေက ရွာထဲကနေ ဖြတ်သွားပြီး ကျွန်တော့်အိမ်ကို မီးရှို့သွားတာပါ။ မနက်အစောကြီးက မီးရှို့သွားတာ။ ကျွန်တော့်အိမ်တင်မဟုတ်ဘူး။ ဘေးကအိမ်တွေပါ မီးရှို့သွားတာပါ။ PDF တွေ ၂၀/၃၀ လောက်ရှိမယ်။ ကျွန်တော်မျက်စိနဲ့ မြင်လိုက်တယ်။ ယူနီဖောင်းတွေနဲ့ပါ။ တချို့ကလည်း အရပ်ဝတ်တွေနဲ့ပါ။ ကျွန်တော့်အိမ်ကို မီးရှို့သွားတာပါ။ ကလေးတွေတောင် လယ်တောထဲမှာပါ"ဟု ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ ၂ ရက် ၃ ရက်လောက်က လာတယ်။ သူတို့ ၂၀ ကျော်ကျော်လောက်ရှိတယ်။ သေနတ်တွေပါတယ်။ ယူနီဖောင်းက ပြောက်ကျားတွေများတယ်။ သေချာသတိမထားလိုက်ပေမဲ့ PDF တံဆိပ်ပါတာတွေ့တယ်။ စစ်ကြောင်းလာတော့ သူတို့ပစ်ပြေးတဲ့အချိန်မှာ ကျွန်တော့်အိမ်ကို မီးရှို့သွားတာ။ PDF တွေရှို့သွားတာ မြင်လိုက်တယ်"ဟု နောင်ပင်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"မနက်ပိုင်းမှာ PDF နဲ့ စစ်တပ်တိုက်ပွဲဖြစ်တယ်။ ကျွန်တော်တို့ရွာထဲဝင်ပြီးမှ PDF တွေ အိမ်အလုံး ၃၀ လောက် မီးရှို့သွားတယ်။ ကျွန်တော်တို့ရွာသားတွေ မီးထွက်မငြိမ်းရဲလို့ မငြိမ်းရပါဘူး"ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

"မနက်က PDF နဲ့ စစ်တပ်နဲ့ တိုက်ပွဲဖြစ်သံကြားတယ်။ တိုက်ပွဲဖြစ်ပြီး PDF တွေရွာထဲဝင်လာတယ်။ ဝင်လာပြီး မီးရှို့တယ်။ အိမ်ခြေအလုံး ၃၀ လောက်ပါသွားတယ်။ ကျွန်တော်တို့လည်း ကြောက်တာနဲ့ မီးထွက်မငြိမ်းရဲဘူး။ PDF တွေတိုက်ပွဲဖြစ်တိုင်း သူတို့ရွာထဲဝင်ပြီးအမြဲတမ်းမီးရှို့နေကြပါ"ဟု မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက ပြောသည်။

ထိုမီးရှို့မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး BBC၊ VOA၊ RFA၊ Irrawaddy၊ Mizzima၊ Myanmar Now၊ Khit Thit၊ DVB အစရှိသည့် ပြည်ဖျက်မီဒီယာများနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လိုသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ဆိုရှယ်မီဒီယာများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျူးလွန်လေဟန်ပုံဖျက်ထုတ်လွှင့် ဝါဒဖြန့်ချိလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရိုးသားသည့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားကာ နာကျည်းစိတ်များဖြစ်ပေါ်လာစေရေး၊ ၎င်းတို့ကို ထောက်ခံအားပေးမှုရရှိလာစေရေး လိမ်ညာလုပ်ကြံဝါဒဖြန့်မှုများ ပြုလုပ်နိုင်ရန်အတွက် အပြစ်မဲ့ပြည်သူများ၏ အိုး၊ အိမ်၊ စည်းစိမ်၊ ပစ္စည်းဥစ္စာများကို ရက်စက်စွာဖျက်ဆီးခဲ့သည့် လုပ်ဆောင်ချက်များဖြစ်ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်သမား NUG၊ PDF၊ KIA ပူးပေါင်းအဖွဲ့များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာ ၂၂ ရွာမှ ဒုက္ခရောက်ခဲ့ရသည့် ရွာသူ/ရွာသားတချို့၏ မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်မှန်များနှင့် ရင်ဖွင့်ပြောကြားသံများကို ကြားသိခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာသားများနှင့်ပူးပေါင်း၍ မီးငြိမ်းသတ်ပေးခြင်း၊ မီးဘေးသင့်ပြည်သူများအား လုံခြုံရေးစီမံပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် တပ်မတော်မှ ကူညီကယ်ဆယ်ရေးထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း NUG၊ PDF၊ KIA အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ် အမှန်များအား မိဘပြည်သူများသိရှိနိုင်စေရန်နှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသောပြည်သူများအား နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေသော အကြမ်းဖက်သမားများအန္တရာယ်မှ ကာကွယ်တားဆီးနှိမ်နင်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးအစီအမံများအား လုပ်ဆောင်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**KIA/ PDF များ မီးရှို့ဖျက်ဆီးခဲ့သည့် ကျေးရွာနေအိမ်များစာရင်း**

| စဉ် | ရက်စွဲ | တိုင်း/မြို့နယ် | ကျေးရွာအမည် | ရှိရင်းအိမ်ခြေ | မီးလောင်ကျွမ်းမှု (ခန့်မှန်း) |
|---|---|---|---|---|---|
| ၁ | ၁၃-၁၁-၂၀၂၂ | ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် | စီသော်ကျေးရွာ | ၂၇၀ | ၁၅ |
| ၂ | ၂၂-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မင်းလယ်ကျေးရွာ | ၃၂၂ | ၅၀ |
| ၃ | ၂၈-၁၁-၂၀၂၂ | ။ | ။ | ၃၂၂ | ၃၈ |
| ၄ | ၂၈-၁၁-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အလယ်တောကျေးရွာ | ၁၅၀ | ၁၀၀ |
| ၅ | ၃၀-၁၁-၂၀၂၂ | ။ | လေသာကုန်းကျေးရွာ | ၃၀၀ | ၁၀၀ |
| ၆ | ၄-၁၂-၂၀၂၂ | ။ | ရွှေချောင်းကျေးရွာ | ၂၇၃ | ၈၀ |
| ၇ | ၄-၁၂-၂၀၂၂ | ။ | ကျောက်အိုက်ကျေးရွာ | ၆၈ | ၆၀ |
| ၈ | ၅-၁၂-၂၀၂၂ | ။ | ဇီးဖြူကျင်းကျေးရွာ | ၁၅၅ | ၃၀ |
| ၉ | ၆-၁၂-၂၀၂၂ | ။ | ကံပေါက်ကျေးရွာ | ၂၅၀ | ၅ |
| ၁၀ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | မြေနုကျေးရွာ | ၁၆၀ | ၂၀ |
| ၁၁ | ၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | အောင်သာကုန်း ကျေးရွာ | ၁၆၀ | ၂၀ |
| ၁၂ | ၇-၁၂-၂၀၂၂ | ။ | ဇီးသောင်ကျေးရွာ | ၁၅၀ | ၈၀ |
| ၁၃ | ၇-၁၂-၂၀၂၂ | ။ | သာယာကုန်းကျေးရွာ | ၉၅ | ၆၀ |
| ၁၄ | ၈-၁၂-၂၀၂၂ | ။ | မကျီးပင်ကျေးရွာ | ၁၁၂ | ၁၀၀ |
| ၁၅ | ၈-၁၂-၂၀၂၂ | ။ | သင်ပုန်းညိုကျေးရွာ | ၇၀ | ၆၀ |
| ၁၆ | ၈-၁၂-၂၀၂၂ | ။ | ပေါက်ပင်ကွေ့ကျေးရွာ | ၂၂၇ | ၁၁၀ |
| ၁၇ | ၁၁-၁၂-၂၀၂၂ | ။ | မြိုင်သာယာကျေးရွာ | ၃၀ | ၁၅ |
| ၁၈ | ၁၅-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဟဲနား(ရွာသစ်) ကျေးရွာ | ၁၅၀ | ၃၀ |
| ၁၉ | ၁၆-၁၂-၂၀၂၂ | ။ | နောင်ပင်ကျေးရွာ | ၁၃၀ | ၁၁ |
| ၂၀ | ၁၆-၁၂-၂၀၂၂ | ။ | မိုးတားကြီးကျေးရွာ | ၄၃၇ | ၄၃ |
| ၂၁ | ၁၆-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ် | ဂျုံးဂျုံးကျ(ရွာသစ်/ ရွာဟောင်း)ကျေးရွာ | ၁၆၅ | ၃၀ |
| ၂၂ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ကသာမြို့နယ် | ဆူးပုတ်ကုန်းကျေးရွာ | ၁၅၀ | ၁၅ |
| ၂၃ | ၁၇-၁၂-၂၀၂၂ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ် | ပြင်စုကျေးရွာ | ၁၉၁ | ၅၀ |

**မှတ်ချက်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အတွင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ကျေးရွာ ၂၂ ရွာရှိ အိမ်ခြေပေါင်း ၁၁၂၂ လုံးအား KIA/PDF များက မီးရှို့ဖျက်ဆီးခဲ့။**




၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် KIA/PDF အကြမ်းဖက်ပူးပေါင်းသောင်းကျန်းသူများ တိုက်ပွဲဖြစ်စဉ်၌ သောင်းကျန်းသူများက ဆုတ်ခွာစဉ် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဆူးပုတ်ကုန်းကျေးရွာအား မီးရှို့ဖျက်ဆီးသွားသည့်ဖြစ်စဉ် နေရာပြမြေပုံ။

စာမျက်နှာ ၁၇ သို့ ☆

☆ စာမျက်နှာ ၁၆ မှ







စစ်ကိုင်းတိုင်းဒေသကြီးရှိ မီးရှို့ခံရသည့် နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်နေစဉ်။






ဆူးပုတ်ကုန်းကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။

နောင်ပင်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။







မင်းလယ်ကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။

ကချင်စု၊ မိုးတားကြီးကျေးရွာမှ ရွာသားတစ်ဦးက မျက်မြင်ကြုံတွေ့ခဲ့ရသည်များကို ရင်ဖွင့်ပြောကြားနေစဉ်။








စစ်ကိုင်းတိုင်းဒေသကြီးတွင် နေအိမ်မီးရှို့ခံရသည့် ပြည်သူများအား တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ ထောက်ပံ့နေစဉ်။

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ကြက်တူရွေးကျေးရွာ၌ (၇၆)နှစ်မြောက်ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်ကျေးရွာလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငွေဆောင်မြို့ ကြက်တူရွေးကျေးရွာ၌ ၂၀၂၀-၂၀၂၁ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ပေးပြီး ကျေးရွာမှကိုယ်ထူကိုယ်ထဖြင့် ၄၀၀ ဗို့ခါတ်အားလိုင်း သွယ်တန်းဆောင်ရွက်သည့် ကျေးရွာလျှပ်စစ်မီး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လျှပ်စစ်မီးအား မီးခလုတ်နှိပ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးခဲ့သည်။ ယင်းနောက် လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြပြီး ကျေးရွာအတွင်း မီတာတပ်ဆင်ထားမှုများနှင့် လျှပ်စစ်မီးသုံးစွဲမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါကျေးရွာ၌ လျှပ်စစ်မီးဖွင့်လှစ်ပေးခြင်းကြောင့် အိမ်ခြေ ၆၉ အိမ်၊ အိမ်ထောင်စု ၆၉ စုတို့ လျှပ်စစ်မီးများ စတင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Oriental High Way ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော ပုသိမ်-ငွေဆောင်ကားလမ်း (၁၆/၀-၁၆/၂) မိုင်အား လမ်းအနိမ့်အမြင့်ညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ထားသော ကာလများအတွင်း အချိန်မီပြီးစီးစေရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် ရေရှည်တည်တံ့အောင် စနစ်တကျ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ရေး လမ်းညွှန်မှာကြားသည်။ ထို့နောက် ပုသိမ်- ရေပြာ- ချောင်းသာလမ်း(၂၅/၀ - ၃၄/၀) မိုင်အတွင်း မျက်ကွယ်ကွေ့များအား လမ်းတာတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သပိတ်ကျင်းခရိုင်အတွင်းရှိ အခြေခံပညာဆရာ ဆရာမများအား ဝတ်စုံထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

သပိတ်ကျင်း ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ သပိတ်ကျင်းခရိုင်အတွင်းရှိအခြေခံပညာ ဆရာ ဆရာမများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သပိတ်ကျင်းမြို့ အခြေခံပညာ အထက်တန်း ကျောင်းသား ကျောင်းသူလေးများက "မြတ်ဆရာ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အဖွင့်အမှာစကား ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်သော ကျောင်းဝတ်စုံများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား "ထာဝရ" ကုမ္ပဏီဒါရိုက်တာ ဦးဝင်းကျော်နိုင်က ထောက်ပံ့ပေးအပ်ခဲ့ပြီး ခရိုင်ပညာရေးမှူး ဦးကျော်ကျော်မွန်က လက်ခံရယူခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ထောက်ပံ့ပေးအပ်သော ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သပိတ်ကျင်းခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ထောက်ပံ့ပေးအပ်သည်။

သပိတ်ကျင်းခရိုင် အတွင်းရှိ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်မြို့နယ်၊ စဉ့်ကူးမြို့နယ်တို့တွင် အခြေခံပညာကျောင်းပေါင်း ၃၇၁ ကျောင်းရှိပြီး ကျောင်းအုပ်ဆရာ ဆရာမကြီးနှင့် ဆရာ ဆရာမ စုစုပေါင်း ၁၆၅၉ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပြည် ဇန်နဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်၌ ယနေ့ နံနက် ၁၀ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သက်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဇော်လင်းသန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များနှင့် လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်/ရှောင်ရန်အကြောင်းအရာများကို ပါဝါပွိုင့်များဖြင့် အကျယ်တဝင့် အသိပညာပေးဆွေးနွေးဟောပြောပြီး တပ်ဖွဲ့ဝင်တစ်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အချက်ပြသင်္ကေတအညွှန်းများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၂၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကမ်းနီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်အစောပိုင်းတွင် အကြောင်းမဲ့လာရောက် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။





ဖြစ်စဉ်မှာ KNDO တပ်ရင်း(၆)မှ အကြမ်းဖက်မှုကိုလိုလားသည့်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ယနေ့နံနက် ၃ နာရီခန့်တွင် ကော့ကရိတ်မြို့နယ် တံတားဦးကျေးရွာဘက်မှ ကမ်းနီးကျေးရွာဘက်သို့ မော်တော်ယာဉ် နှစ်စီးဖြင့်ရောက်ရှိလာပြီး ကမ်းနီးကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုကြောင့် အလျား ၁၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေရှိ ရုံးအဆောက်အဦ မီးလောင်ပျက်ဆီးခဲ့ကြောင်းနှင့် အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများအနေဖြင့် အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြပ်ကိုင်ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုများကြောင့် နီးစပ်ရာဆွေမျိုးများရှိရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# City Taxi ယာဉ်များ၏ ဘေးစတေကာနံပါတ်များအား ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ပြောင်းလဲပြင်ဆင်ဆောင်ရွက်မည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

City Taxi ယာဉ်များ၏ ဘေးစတေကာနံပါတ်များအား မြို့နယ်အလိုက် အခြေခံသတ်မှတ်ထားသည့် သင်္ကေတအမှတ်အသားနံပါတ်များဖြင့် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ပြောင်းလဲပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ သိရသည်။

**မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် တက္ကစီယာဉ်များ စည်းကမ်းနှင့်အညီ စနစ်တကျပြေးဆွဲနိုင်ရန်၊ ခရီးသည်ပို့ဆောင်ရေးကို ယုံကြည်စိတ်ချစွာ ဝန်ဆောင်မှုပေးနိုင်ရန်၊ မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်သော City Taxi ယာဉ်များဖြစ်စေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာ စနစ်တကျစီမံမှုပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) စီမံမှုအောက်ရှိ "ဂ"စင်းလုံးငှားဌာနတွင် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ယခင်က ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အပေါ်အခြေခံ၍ City Taxi ယာဉ် ၏ ဘေးစတေကာနံပါတ်များကို E၊ W၊ S၊ N သင်္ကေတများဖြင့် မှတ်ပုံ တင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင်မှ ၁၄ ခရိုင်သို့ ပြောင်းလဲဖွဲ့စည်းသတ်မှတ်ခဲ့ပြီး မော်တော်ယာဉ်နံပါတ်များအား မြို့နယ်အလိုက် သင်္ကေတအမှတ်များ ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

"City Taxi ဘေးစတေကာနံပါတ်တွေကို ပြောင်းလဲသတ်မှတ်ရာမှာ တိုက်ကြီးမြို့နယ်ဆိုရင် သင်္ကေတအမှတ်အသား နံပါတ်ဝမ်း၊ City Taxi YGN-1/0001 ဖြစ်ပါတယ်။ ထန်းတပင်မြို့နယ်ဆိုရင် သင်္ကေတအမှတ်အသား နံပါတ်တူး၊ မင်္ဂလာဒုံမြို့နယ်ဆိုရင် သင်္ကေတအမှတ်အသား နံပါတ်သရီး။ ရန်ကုန်တိုင်းဒေသကြီးမှာ ၄၅ မြို့နယ်ရှိတဲ့အတွက် မြို့နယ်တစ်ခုချင်းအလိုက် ဒီလိုနံပါတ်တွေပေးပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ City Taxi မှတ်ပုံတင်ရာမှာလည်း အရင်ကရပ်ကွက်ထောက်ခံစာ၊ သန်းခေါင်စာရင်းတွေ၊ စာချုပ်တွေတောင်းခံတာတွေ ရှိတယ်။ အခုဆိုရင်အဲဒါတွေမတောင်းခံတော့ဘဲ ယာဉ်မှတ်ပုံတင်စာအုပ်မှာရှိတဲ့ နောက်ဆုံးအမည်ပေါက်ရယ်၊ သက်တမ်းတိုးပြီး အထောက်အထားတွေရယ်၊ လုပ်ငန်းလိုင်စင်အပိုင်းတစ်နဲ့နှစ်ရယ်၊ ပြီးတော့ ယာဉ်ပိုင်ရှင်နဲ့ ယာဉ်မောင်းသူတွေရဲ့မှတ်ပုံတင်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ယာဉ်မောင်းလိုင်စင်"ဃ"နဲ့"င" အဲဒီအထောက်အထားတွေပဲ ယူမှာဖြစ်ပါတယ်။ အဲဒါတွေကို လာရောက်ဆောင်ရွက်သူကို ပြန်လည်ပေးအပ်လိုက်မှာဖြစ်ပြီး e-Government စနစ်အတိုင်း ကွန်ပျူတာနဲ့ သိမ်းဆည်းထားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ရှင်းပြသည်။



ပြောင်းလဲပြင်ဆင်သတ်မှတ်ဆောင်ရွက်မည့် City Taxi ယာဉ်၏ ဘေးစတေကာနံပါတ်နမူနာပုံစံကို တွေ့ရစဉ်။

City Taxi ယာဉ် မှတ်ပုံတင်ဆောင်ရွက်ရာတွင် ယခင်ကကောက်ခံသည့် နှုန်းများနှင့် ဒဏ်ကြေးများ ကောက်ခံမည်မဟုတ်တော့ဘဲ မှတ်ပုံတင်ခအနေဖြင့် ၃၀၀၀၊ ယာဉ်မောင်းလိုင်စင်ခ ၆၀၀၊ ယာဉ်မောင်းလိုင်စင်ကတ်စနစ် ၃၅၀၀ နှင့် ဘေးစတေကာနံပါတ်အတွက် ၁၂၀၀ တို့ဖြင့် စုစုပေါင်းငွေကျပ် ၈၃၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသည့် City Taxi ယာဉ်အစီးရေ ၆၀၀၀၀ ကျော်ရှိနေကြောင်း သိရသည်။

စိုးမြင့်အောင်

## မုံရွာစီးပွားရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ




**မုံရွာ ဇန်နဝါရီ ၂၄**

မုံရွာ စီးပွားရေးတက္ကသိုလ် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မုံရွာစီးပွားရေးတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

**အပ်နှင်း**

အဆိုပါ အခမ်းအနားတွင် ပါရဂူဘွဲ့ (ဝါဏိဇ္ဇဗေဒ)၊ ပါရဂူဘွဲ့ (စာရင်းအင်းပညာ)၊ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ မဟာစာရင်းကိုင်ပညာဘွဲ့၊ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ မဟာဘွဲ့၊ စီးပွားရေးပညာ ဂုဏ်ထူးဘွဲ့ (ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒ ဂုဏ်ထူးဘွဲ့၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ ဂုဏ်ထူးဘွဲ့၊ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့၊ စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်ဒီပလိုမာ၊ သုတေသနပညာဘွဲ့လွန်ဒီပလိုမာ၊ လုပ်ငန်းသုံးစီးပွားရေးပညာဘွဲ့လွန်ဒီပလိုမာ စသည့်ဘွဲ့များကို အပ်နှင်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူနှင့် ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်ကြားစီမံမှု အရာရှိများ၊ ဝန်ထမ်းများနှင့် ဘွဲ့ရကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ ယွန်း(မုံရွာကိုယ်ပွား)

## ဆောင်းသီးနှံနေကြာ မျိုးစေ့ထုတ်သီးသန့်စိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းနေမှု ကွင်းဆင်းကြည့်ရှု

**ဇလွန် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်တိုးမြှင့်ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် တာဝန်ရှိသူများသည် ဒေါင့်ကြီးကျေးရွာအုပ်စု သရက်ချောင်းကျေးရွာ တောင်သူဦးဝင်းတင်၏ ဆင်းရွှေကြာ - ၂ ဆောင်းသီးနှံ နေကြာ မျိုးစေ့ထုတ်သီးသန့် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေအား ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။



ဇလွန်မြို့နယ် စိုက်တိုးမြှင့်ကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့် တာဝန်ရှိသူများသည် ဒေါင့်ကြီးကျေးရွာအုပ်စု သရက်ချောင်းကျေးရွာ ကွင်းအမှတ်(၁၇၀၁)၊ ဦးပိုင်အမှတ်(၁၃၇)တောင်သူဦးဝင်းတင်၏ ဧရိယာလေးဧကပေါ်တွင် ဆင်းရွှေကြာ - ၂ ဆောင်းသီးနှံ နေကြာ မျိုးစေ့ထုတ်သီးသန့် စိုက်ခင်း အောင်မြင်ဖြစ်ထွန်းမှု အခြေအနေအား ကြည့်ရှုအားပေးခဲ့ပြီး ဆောင်းသီးနှံနေကြာမျိုးစေ့ထုတ် သီးသန့်စိုက်ခင်းလေးဧကတွင် နေကြာစိုက်ခင်းများ မြေဩဇာကျွေးခြင်း၊ အပင်ရေလောင်းခြင်း၊ စိုက်ပျိုးပေါင် မြေသားတင်ခြင်း ဆောင်ရွက်နေမှုနှင့် အပင်များ ဖွံ့ဖြိုးတိုးတက်မှု ရှိ / မရှိ တို့ကို ကွင်းဆင်းကြည့်ရှုကြပြီး လိုအပ်သည်များမှာကြားဆောင်ရွက်ကြသည်။ ဝေယံ(ပြန်/ဆက်)

## မရမ်းကုန်းမြို့နယ်အတွင်း ပါရမီလမ်းတစ်လျှောက် လမ်းမီးတိုင်များ လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများ ဆောင်ရွက်

**မရမ်းကုန်း ဇန်နဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ပါရမီလမ်းတစ်လျှောက် လမ်းမီးတိုင်များ လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မရမ်းကုန်းမြို့နယ် AD မီးပွိုင့်မှ လှိုင်နယ်မြေဘေးဝဲယာ၌ ရှိသောလမ်းမီးတိုင်များနှင့် AD မီးပွိုင့်မှ ချော်တွင်းကုန်းမီးပွိုင့်ရှိ လမ်းမီးတိုင်များအား လမ်းမီးထွန်းညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## ငွမြို့နယ် အလယ်ချောင်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ငွ ဇန်နဝါရီ ၂၄**

ရခိုင်ပြည်နယ် ငွမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က ယမန်နေ့ မွန်းလွဲပိုင်းက အလယ်ချောင်းကျေးရွာအုပ်စုအတွင်း ကွင်းဆင်းစစ်ဆေးသည်။

**တာဝန်ယူဆောင်ရွက်ခဲ့**

အဆိုပါ မကျေးငူကျေးရွာ ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ နိုင်ငံတော်ထောက်ပံ့ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၇၆ သန်း အကုန်ကျခံပြီး လမ်းအရှည် ၇၁၅ ပေ၊ အကျယ် ခုနစ်ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းသစ်ကြီးကို ကျေးရွာကော်မတီဝင်များက တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက အမှာစကားပြောကြားသည်။

အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းသို့ ပုသိမ်မြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၃-၁-၂၀၁၃ ရက်မှအဆက်

“ဒီမှာ အရာကြီး၊ ဒီနောင်ကြီးကို ဗယာကြော် ဆယ်ပြားဖိုးပေးလိုက်ပါ။ ကျုပ်ဆီမှာ ပိုက်ဆံအကြွေ ပါပါတယ်” ဟု ပြောပြောဆိုဆို ထုတ်ပေးလိုက်သည်။

“ဟာ၊ နေပါစေဗျာ။ မဟုတ်တာ။ အိမ်မှာ ပိုက်ဆံ မေ့ကျန်နေခဲ့လို့ပါ။ နေပါစေ၊ မစားပါရစေနဲ့”

တကယ်တော့လည်း လူရွယ်မှာ ပိုက်ဆံမရှိတော့ပါ။ ဆာကလည်း ဆာနေသည်။ သို့ရာတွင် ရှက်အားနာစိတ်ဖြင့် ဟန်လုပ်ကာ ငြင်းပယ်လိုက်သည်။

“မဟုတ်ပါဘူး နောင်ကြီးရဲ့၊ စားစမ်းပါ။ ကြုံကြိုက်လို့ တစ်ဦးနဲ့တစ်ဦး ဧည့်ဝတ်ပြုရတာ။ စားပါ၊ အားနာမနေပါနဲ့”

လွန်းနိုင်က အတင်းတိုက်တွန်း၍ ကျွေးမွေးနေသည်။

နောက်ဆုံးတော့မှ လူရွယ်မှာ လွန်းနိုင်နှင့် ကျော်ဇင်တို့၏ အတင်းဝယ်ကျွေးနေမှုကြောင့် အားနာနာဖြင့် စားလိုက်ရတော့၏။ တကယ်တော့ လူရွယ်မှာ ဟန်ပင်လုပ်နေရသော်လည်း သင်းပျံ့သော ဗယာကြော်နံ့နှင့် ဗယာကြော်ကို မြင်ရကတည်းက သွားရည်ကျလာခမန်း ဆာလောင်မွတ်သိပ်လာသည်။ ထို့ကြောင့်လည်း ဟန်လုပ်ကာ ငြင်းပယ်ရင်း တံတွေးကိုသာ မျိုချနေရသည်။ ယခုမှပင် အားရပါးရ စားရတော့၏။ သူတို့သည် နောက်ထပ်၍ တစ်မတ်ဖိုးစီ ပြည့်အောင်ပင် ဝယ်စားလိုက်ကြလေသည်။

“ဒါနဲ့၊ နောင်ကြီးနာမည်က ဘယ်လိုခေါ်ပါသလဲ ခင်ဗျာ” ဟု ကျော်ဇင်က စကားစလိုက်သည်။

“ဩော်၊ ကျွန်တော့်နာမည်က အေးဆွေလို့ ခေါ်ပါတယ်။ နောင်ကြီးတို့ရဲ့ အမည်များကော ခင်ဗျာ”

“ကျွန်တော့်နာမည်က ကျော်ဇင်ပါ။ သူ့နာမည်က လွန်းနိုင်ပါ”

“ခုလို တွေ့ကြုံသိရတာ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ ကိုကျော်ဇင်တို့လည်း အလုပ်လာရှာနေတယ်နဲ့ တူပါရဲ့”

“ဟုတ်ပါတယ် ကိုအေးဆွေ၊ ကျွန်တော်တို့ လေးငါးခြောက်လလောက်ရှိပြီ။ ဘယ်နေရာမှကို အဆင်မပြေဘူး။ အခု ကိုအေးဆွေက ဘယ်ဌာနမှာ လုပ်ပါသလဲ”

ကိုကျော်ဇင်သည် ကိုအေးဆွေအား သိလိုသော အကြောင်းအရာကို လိမ္မာစွာဖြင့် မေးလိုက်သည်။ ကိုလွန်းနိုင်ကမူ ၎င်းတို့နှစ်ဦး ပြောစကားများကိုသာ နားထောင်နေသည်။

ကိုအေးဆွေသည် ကိုကျော်ဇင်နှင့် ကိုလွန်းနိုင်တို့၏ စောစောကပြောနေသော စကားများကို အကုန်အစင် ကြားသိနေရပြီဖြစ်ရာ၊ သူတို့လို အိုင်အေအဆင့်ရှိသူများပင် အလုပ်အတွက် သည်မျှထိ ခက်ခဲနေခဲ့ပါလျှင် မိမိလို မက်ထရစ်စာမေးပွဲလောက်သာ အောင်သောသူအဖို့ ထည့်၍မစဉ်းစားဝံ့လောက်အောင်ပင် ရင်မောလာမိသည်။ ကိုကျော်ဇင်၏အမေးအား ဖြေရမည်ကိုပင် နှုတ်တွန့်နေမိသည်။

“ဘယ်ဌာနမှ မလုပ်ရသေးပါဘူး။ ကျွန်တော်လည်း အလုပ်ရှာနေဆဲ လူတစ်ယောက်ပါ”

နောက်ဆုံးတွင် ကိုအေးဆွေသည် အမှန်အတိုင်း ဖြေဆိုလိုက်လေသည်။

“ဩော်၊ ဟုတ်လား။ ဒါဖြင့် ကျွန်တော်တို့နဲ့ ဘဝတူပေါ့” ဟု ကိုကျော်ဇင်က ရယ်မောရင်း ပြောလိုက်သည်။

ကိုလွန်းနိုင်ကမူ မိမိတွေးထင်ချက် အမှန်သားဟု အောက်မေ့လိုက်ကာ ကိုအေးဆွေအား ပြုံး၍ကြည့်လိုက်ရင်း ခေါင်းဆတ်၍ ညိတ်လိုက်၏။ ထို့နောက် သူသည် ကိုအေးဆွေအား–

“ဒါနဲ့ နောင်ကြီးဇာတိက ဘယ်ကလဲ” ဟု မေးလိုက်၏။

“ကျွန်တော် ကျောက်ပန်းတောင်းကပါ”

ကိုအေးဆွေသည် ကိုလွန်းနိုင်ဘက်သို့လှည့်ကြည့်ရင်း ပြောလိုက်သည်။

“ရန်ကုန်ကိုရောက်နေတာကော ကြာနေပြီလား”

“ကြာပြီပေါ့ဗျာ။ ပြီးခဲ့တဲ့နှစ် မက်ထရစ်စာမေးပွဲတွေ အောင်စာရင်းထွက်စက ဆိုပါတော့ဗျာ။ အလုပ်ကိုလည်း တစ်ဖက်ကလုပ်ရင်း သင်္ကြီးတက္ကသိုလ်ကိုလည်း တစ်ဖက်ကတက်ရင်း ဆိုပြီး ရည်ရွယ်ချက်နဲ့ လာခဲ့တာပဲ။ ဒီရောက်တော့ ကိုယ်ထင်တာတွေနဲ့ မကိုက်ဘဲ လွဲနေတယ်ဗျာ။ ကျောင်းတက်ဖို့နေနေသာသာ အလုပ်တောင် ရှာမရသေးတော့ အားလုံးမျှော်မှန်းချက်တွေနဲ့ လွဲချော်နေတာပေါ့”

ကိုအေးဆွေက ညည်းညူစွာဖြင့် အကျိုးအကြောင်း ပြောပြလိုက်သည်။

ကိုလွန်းနိုင်တို့နှစ်ယောက်မှာလည်း သူတို့လိုရည်မှန်းချက်ဖြင့် မပြည့်ဝသေးသူ ကိုအေးဆွေအား ကိုယ်ချင်းစာနာသွားလျက် ကရုဏာသက်သွားမိသည်။

“ကိုလွန်းနိုင်တို့ရဲ့ ဇာတိကကော”

ကိုအေးဆွေကလည်း သိလိုသဖြင့် ပြန်မေးလိုက်သည်။

“ပုသိမ်နယ်ကပါ”

“နှစ်ယောက်စလုံးပဲလား” ဟု ကိုကျော်ဇင်ဘက်သို့ပါ လှည့်ကြည့်ရင်း မေးလိုက်၏။ ကိုကျော်ဇင်က ခေါင်းညိတ်ပြသည်။

“ဟုတ်ပါတယ်၊ နှစ်ယောက်စလုံး ပုသိမ်နယ်က ချည်းပါပဲ”

ကိုလွန်းနိုင်က သွက်လက်စွာ ဆိုသည်။

“ပုသိမ်ဟာ ခရိုင်မြို့ကြီးပဲ။ အဲဒီမြို့မှာပဲ အလုပ်ရှာမရဘူးလား” ဟု ကိုအေးဆွေက မေးလိုက်ပြန်ရာ ကိုလွန်းနိုင်က –

“ခရိုင်မြို့ကြီးပေမဲ့ ကျွန်တော်တို့အတွက် အလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဘယ်လောက်ပဲ အရည်အချင်းရှိပါစေ၊ နီးစပ်မှ အလုပ်ရတာကလား။ နောက်ပြီးတော့ ကျွန်တော်တို့ ရည်ရွယ်ချက်ကလည်း ကိုအေးဆွေရဲ့ ရည်ရွယ်ချက်လို ဒီဂရီရအောင် ဆက်တက်ရင်း အလုပ်လုပ်မယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့ လာခဲ့တာပဲ။ ဒီရောက်တော့ ကျွန်တော်တို့မှာလည်း ကိုအေးဆွေလိုအဖြစ်မျိုးနဲ့ ကြုံနေရတာပဲ။ ခုထက်ထိ ဘယ်အလုပ်မှ မစွဲသေးဘူး။ ရမယ်ရမယ်နဲ့ ဝေးသွားတာချည်းပဲ။ သူတို့ခေါ်ယူကျင်းပတဲ့ အရည်အချင်းစစ် စာမေးပွဲတွေကိုလည်း ဝင်ပါရဲ့။ ခေတ်ပညာတတ်တွေက အဆမတန်ပေါ်များနေတော့ အင်မတိ အင်မတန်တော်တဲ့လူတွေမှပဲ ကံကောင်းထောက်မနဲ့ ပါသွားတာပါ။ တချို့ဌာနများ အရည်အချင်းစစ်စာမေးပွဲ မကျင်းပခင်ကတည်းက ဘယ်သူ အလုပ်ရမယ်ဆိုတာ တစ်ပေးပြီးသားလို့တောင် ကြားနေရတယ်။ ဟုတ်သလား မဟုတ်ဘူးလားတော့ မပြောတတ်ဘူး”

ကိုကျော်ဇင်သည် လွတ်လပ်ရေးကျောက်တိုင်ကြီးဆီသို့ မျှော်ကြည့်ရင်း ငေးနေသည်။

ကိုအေးဆွေမှာမူ သည်လိုအကြောင်းတွေ ကြားရလေ သူ့အဖို့ ရင်လေးလာလေ ဖြစ်မိသည်။

“ဟုတ်ပါတယ် ကိုလွန်းနိုင်။ ကျွန်တော့်မှာလည်း ခင်ဗျားတို့လိုပါပဲ။ အလုပ်သမားရှာဖွေရေးမှတ်ပုံတင်ရုံးမှာလည်း မှတ်ပုံတင်ထားပြီး သူတို့ခေါ်ယူကျင်းပစစ်ဆေးတဲ့ အင်တာဗျူးမှန်သမျှ သွားဖြေတာချည်းပါပဲ။ ဒါပေမဲ့ ကျွန်တော့်ကို အိပ်မက်တောင် မက်ဟန်မတူပါဘူး။ ကျွန်တော်ကပဲ သိပ်ပြီး ညံ့ဖျင်းနေလို့လားတော့ မပြောတတ်ဘူး။ ဒါနဲ့ တခြားကုမ္ပဏီတို့ ဘာတို့မှာ ရလိုရငြားဆိုပြီး မနေ့က သတင်းစာထဲမှာတွေ့တာနဲ့ ဒီနေ့ သွားလျှောက်ပါတယ်။ အလုပ်ခန့်ပြီးပြီတဲ့ဗျာ”

ကိုအေးဆွေက စိတ်လက်ပျက်စွာဖြင့် မကျေမချမ်း ပြောဆိုနေသည်။

“ကျွန်တော်တို့လည်း ခင်ဗျားလိုပါပဲ။ အစိုးရအလုပ်ရမှ လုပ်မယ်ရယ်လို့ မဟုတ်ပါဘူး။ ကိုယ်နဲ့ သင့်လျော်တဲ့ အလုပ်မှန်ရင် ဝင်လုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှာတာပါပဲ။ နောက်ဆုံးတော့ မရပါဘူးဗျာ။ နေ့စဉ်နေ့တိုင်း မောတာနဲ့ အချိန်ကုန် ပြန်ရတာချည်းပါပဲ”

ထိုစဉ် ကိုကျော်ဇင်သည် သူ့လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ရာ မွန်းလွဲပိုင်း ၁ နာရီနှင့် ၄၅ မိနစ်ရှိနေပြီကို တွေ့လိုက်ရသဖြင့် ကိုလွန်းနိုင်အား လှည့်ကြည့်လိုက်ကာ –

“ကဲ လွန်းနိုင်၊ တို့ ဟိုတိုက်က ၂ နာရီမှာလာဖို့ ချိန်းလိုက်တယ်မဟုတ်လား” ဟု သတိပေးလိုက်၏။

သည်တော့မှ စကားလက်ဆုံ ကျနေသောကိုလွန်းနိုင်သည် သတိရလာဟန်ဖြင့် “အေးအေး၊ ဟုတ်သားပဲ” ဟု ကိုကျော်ဇင်ဘက် လှည့်ပြောလိုက်ရင်းက တစ်ဆက်တည်း ကိုအေးဆွေဘက်သို့ပါ ပြန်လှည့်လိုက်ကာ –

“ကိုင်း၊ ကိုအေးဆွေ။ ကျွန်တော်တို့ သွားဦးမယ်နော်”ဟု နှုတ်ဆက်လိုက်ပြီးလျှင် ကွပ်ပျစ်ခုံပေါ်မှ အောက်သို့ဆင်းလိုက်သည်။

“ဟုတ်ကဲ့ဗျာ၊ သည်နေရာကတော့ ကျွန်တော်တို့လို ခင်ဗျားတို့လို အလုပ်လက်မဲ့တွေရဲ့ ပြည်သူ့အပန်းဖြေစခန်းကြီးပေပဲ။ ကျွန်တော်တော့ သည်နားရောက်လာရင် သည်မှာ အမြဲတမ်း အမောလာဖြေတာပဲ။ နောက်လည်း တွေ့ကြသေးတာပေါ့ဗျာ” ဟု ကိုအေးဆွေကလည်း နှစ်ယောက်လုံးအား ခေါင်းညိတ်ပြကာ ပြန်လည်နှုတ်ဆက်လေသည်။

ဤတွင် သွားရန် အဆင်သင့်ရပ်ပြီးဖြစ်နေသော ကိုကျော်ဇင် ကလည်း –

“ကိုအေးဆွေပြောတာ မှန်တယ်ဗျို့။ ကျွန်တော်တို့လည်း ဒီမှာပဲလာပြီး အနားဖြေနေကျပဲ။ ဒီနေ့မှ ခင်ဗျားနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် လာတွေ့တယ်။ အေးလေ၊ ဒီလိုပေါ့။ အလုပ်မရခင်စပ်ကြားမှာ ခင်ဗျားလည်း အမြဲလာပေါ့။ ကျွန်တော်တို့လည်း အမြဲတမ်းလာမှာပေါ့။ တကယ်လို့တစ်ယောက်ယောက် အလုပ်ရရင်လည်း အခြားတစ်ယောက်ကို အသိပေးပြီး အကူအညီပေးကြရအောင်၊ ရလည်း အတူတူ မရလည်း အတူတူပေါ့နော်” ဟု ပြောပြောဆိုဆိုနှင့်ပင် ထွက်ခွာသွားကြတော့သည်။

ကိုအေးဆွေသည် ဟိုက်ကုတ်တရားလွှတ်တော်ရုံးကြီးဘက်ဆီသို့ ထွက်ခွာသွားကြသော ကိုလွန်းနိုင်တို့အား မျှော်ကြည့်နေမိသည်။ ၎င်းတို့ ပျောက်ကွယ်သွားလျှင် ဟိုက်ကုတ်ရုံးအဆောက်အအုံကြီး၏ ထိပ်ဖျားရှိ နာရီစင်ကြီးဆီသို့ အမှတ်မထင် လှမ်းမျှော်ကြည့်လိုက်မိသည်။

တောင်လေကလေးသည် ကိုအေးဆွေ၏မျက်နှာအား တဖြူးဖြူးနှင့် ပက်ဖျန်းလျက်ရှိသည်။ အေးမြသော လေပြည်လေညင်းကလေး၏ အတွေ့အထိကြောင့် ကိုအေးဆွေ၏ရင်သည် အေးမြ၍သွားသည်။

သို့တစေလည်း ကိုအေးဆွေ၏အာရုံမှာ မအေးမြရှာပါ။ ပူလျက်ရှိသည်။ ထိုကြောင့်လည်း တွေဝေစွာဖြင့် ကြည့်မိကြည့်ရာ စိုက်၍ကြည့်လိုက်မိသည်။ ပိုးတဝါးဖြစ်နေသောအရာများသည် တဖြည်းဖြည်း ပေါ်လွင်လာသည်။ နာရီကြီး၏ မိနစ်လက်တံသည် မနားမနေသွားလျက်ရှိသည်။ တစ်မိနစ်ပြီး တစ်မိနစ်ဖြင့် ၂ နာရီထိုးရန် ၁၂ ဂဏန်းကွက်သို့ မိနစ်လက်တံသည် ရွေ့လျားလျက်ရှိ၏။

ဆက်လက်ဖော်ပြပါမည်။

**“ဘယ်လောက်ပဲ အရည်အချင်းရှိပါစေ၊ နီးစပ်မှ အလုပ်ရတာကလား။ နောက်ပြီးတော့ ကျွန်တော်တို့ရည်ရွယ်ချက်ကလည်း ကိုအေးဆွေရဲ့ရည်ရွယ်ချက်လို ဒီဂရီရအောင် ဆက်တက်ရင်း အလုပ်လုပ်မယ်ဆိုတဲ့ မျှော်မှန်းချက်နဲ့လာခဲ့တာပဲ။ ဒီရောက်တော့ ကျွန်တော်တို့မှာလည်း ကိုအေးဆွေလိုအဖြစ်မျိုးနဲ့ ကြုံနေရတာပဲ။ ခုထက်ထိ ဘယ်အလုပ်မှမစွဲသေးဘူး။ ရမယ်ရမယ်နဲ့ ဝေးသွားတာချည်းပဲ။ သူတို့ခေါ်ယူကျင်းပတဲ့ အရည်အချင်းစစ်စာမေးပွဲတွေကိုလည်း ဝင်ပါရဲ့။ ခေတ်ပညာတတ်တွေက အဆမတန်ပေါ်များနေတော့ အင်မတိအင်မတန်တော်တဲ့လူတွေမှပဲ ကံကောင်းထောက်မနဲ့ ပါသွားတာပါ။ တချို့ဌာနများ အရည်အချင်းစစ်စာမေးပွဲ မကျင်းပခင်ကတည်းက ဘယ်သူအလုပ်ရမယ်ဆိုတာ တစ်ပေးပြီးသားလို့တောင် ကြားနေရတယ်”**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိဘသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

စာတည်း


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၅၄ ဆူ | ၁၆၆ ဆူ |
| ၂။ | သာသနဝ္ဇဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၇၂ ကျင်း | ၂၀၄၇. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၄၃၇ စုံ | ၆၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## "ကန့်ကွက်နိုင်ပါကြောင်း"

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဝယ်သွန်ချောင်းကျေးရွာ၊ ဗိုလ်နေဝင်းလမ်း၊ အမှတ်(၂၈)၊ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်သိန်းထွေး[၇/နတလ(နိုင်)၁၂၈၀၆၅] သည် (၆-၁၂-၂၀၁၉)ရက်တွင် Farmer Phoyarzar General Services Co., Ltd မှ Suzuki Carry(1Q/3937)ယာဉ်အား ရိုးမဘဏ်နှင့်ချိတ်ဆက်၍ (HP)အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ ယခုအခါ ၁၃(အေ) ဇော်ကုန်းရပ်၊ ဆန်တန်းလမ်း၊ ဒိုက်ဝန်ကွင်းရပ်ကွက်၊ မော်လမြိုင်မြို့နယ်နေ ဦးအောင်ဇော်မိုး[၁၀/မလမ(နိုင်)၀၀၁၈၈၆] သည် ၎င်းလက်ဝယ်တွင် အဆိုပါ ယာဉ်၊ ဗီးတက်မူရင်းနှင့် မော်တော်ယာဉ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသောစာချုပ်တို့နှင့် ဒေါ်သိန်းထွေးအား လာရောက်ရှင်းလင်းရန် သတင်းစာကြေညာထားသော ကြေညာအားပြသ၍ ဘဏ်သို့ပေးသွင်းရန် ကျန်ငွေများကို တစ်လုံးတစ်ခဲတည်းပေးသွင်းပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ်(Owner Book)အား ထုတ်ယူရန် Farmer Phoyarzar General Services Co.,Ltd.ထံသို့ တောင်းဆိုလာသောကြောင့် ထုတ်ပေးတော့မည်ဖြစ်ရာ ဒေါ်သိန်းထွေးနှင့်တကွ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာစာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ Farmer Phoyarzar General Services Co., Ltdထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Farmer Phoyarzar General Services Co., Ltd၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း(LL.B, D.B.L, WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၃၂၇၂**

## ဖခင်အမည်မှန်

ပုဇွန်တောင်မြို့နယ်(အထက-၄) နဝမတန်း(B)မှ ဖြေဆိုအောင်မြင်ပြီးသော မောင်အောင်ခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးသူရ မှတ်ပုံတင်အမှတ် [၇/ပမန(နိုင်)၁၀၀၀၀၃]ဖြစ်ပါကြောင်း။

**ဖခင်-ဦးစိုးသူရ**
**[၇/ပမန(နိုင်) ၁၀၀၀၀၃]**

## အမည်မှန်

ဦးမနားဖုန်(ခ) ယောဆက် [၁/ပတအ(နိုင်)၀၂၇၈၈၉]၏ သမီး ပူတာအိုမြို့၊ အထက (ပူတာအို)ကျောင်း Grade-9 (B)မှ **မ-မနားမေဆားရ်**၏ အမည်မှန်မှာ **မ-မနားမေဆန်း** ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပုန်းညက်မြိုင်လမ်း၊ အမှတ်(၁၃၂၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၁၃၂၈)၊ ဧရိယာ(၀.၀၆၁)ဧက၊ အကျယ်အဝန်း(၄၄x၆၀)ပေရှိ ဒေါ်ခင်ဋ္ဌေး အမည်ပေါက် တရားဝင်မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း)၊ အကျယ်အဝန်း(၂၂ x ၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနေအောင်ထွန်း[၇/ဖမန(နိုင်) ၁၅၄၆၅၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွဋ်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၇၂၈/၂၆-၃-၂၀၁၉)**
**အမှတ်-၁၉/B-4၊ အောင်မေတ္တာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၈၇၃၆၃၂၇**

## မြေနှင့်အိမ်ဝယ်ယူမှုအား ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၈/၁) ရပ်ကွက်၊ မေယုလမ်း၊ အိမ်အမှတ်(၁၀၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ဦးပိုင်(၁)၊ မြေကွက်အမှတ် (၁၀၂) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်အနက်မှ (ခြေရင်းဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိ မြေနှင့်အိမ်အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော (၁) ဦးဝင်းမြင့် [၁၄/ဒဒရ(နိုင်)၀၆၄၃၃၁]၊ (၂) ဒေါ်အမာကြည် [၁၄/ဒဒရ(နိုင်)၀၇၄၀၂၁]၊ (၃) ဦးသိန်းဟန်[၁၂/ဗဟန(နိုင်)၀၀၅၂၂၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိရွှေဇင်[၁၂/လသန(နိုင်)၀၁၄၉၁၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို ပေးချေ၍ စရန်ငွေပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**
**အမှတ်(၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၄၄၄/ခ-ခေါင်းရင်းခြမ်း) ရှိ မြေအကျယ်(၁၀x၆၀)ပေရှိ အိမ်ခြံမြေအား ဦးလှတင်(AA-၀၆၇၉၂၉)အမည်ဖြင့် မြေချပါမစ်အမည်ပေါက်ပြီး ဒေါ်နီလာဝင်း (မှတ်ပုံတင်မရှိ)မှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးခိုင် [၇/ကကန(နိုင်)၁၀၀၂၉၉]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အစုံအလင်ဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် (၁၄)ရက်အတွင်း လာရောက်ဆက်သွယ်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအိမ်ခြံမြေအား ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိုးခိုင်**
**[၇/ကကန(နိုင်) ၁၀၀၂၉၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသဇင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၂၆/၂၁-၁၂-၂၀၂၁)**
**အမှတ်(၆၇၈/က)၊ မြကန်သာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**Ph:09-252298615,09-779996172**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မမိုမိုသီ(ဘ) ဦးပန်းစိန် [၇/ရတန(နိုင်) ၁၁၂၀၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ မမိုမိုသီ နှင့် မောင်သက်ခိုင်ကျော် [၁၄/အဂပ(နိုင်) ၂၄၉၉၇၈]ကိုင်ဆောင်သူတို့သည်(၁၈-၂-၂၀၁၆) ခုနှစ်မှစ၍ နှစ်ဖက်မိဘအသိုင်းအဝိုင်းတို့၏ သဘောတူခွင့်ပြုချက်ဖြင့် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပြီး အသက်(၅)နှစ်အရွယ်ရှိပြီဖြစ်သော သမီးလေးတစ်ဦးထွန်းကားခဲ့ပါသည်။ ယနေ့ထက်တိုင်လည်း တရားဝင်ဇနီးမောင်နှံမိသားစုအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ကြပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူ မမိုမိုသီသာလျှင် မောင်သက်ခိုင်ကျော်၏ တရားဝင်ဇနီးမယားအဖြစ် တည်ရှိလျက်ရှိပါကြောင်းနှင့် မိသားစု၏အကျိုးစီးပွားနှင့် လူမှုရေးကိစ္စအဝဝတို့အား နှောင့်ယှက်ဖျက်ဆီးမည့်ကိစ္စရပ်နှင့် လူပုဂ္ဂိုလ်များပေါ်ပေါက်လာပါက တည်ဆဲတရားဥပဒေများအရ ဆက်လက်ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ပြုံးမာလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၃၀/၉-၆-၂၀၁၆)**
**သစ္စာနေခြည်လမ်း၊ နတ်စင်တစ်ရာကုန်းထိပ်၊ ကျောက်ရေတွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09-770179180,09-677054848**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ လမ်း(၃၀)၊ တိုက်အမှတ် (၂၃၆/၂၃၈)၊ မြေညီထပ်(ဝဲ)၊ အကျယ်အဝန်း (၁၂½x၄၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်ရရှီသာ [၁၂/ပဘတ(နိုင်)၀၁၇၆၉၉]ကွယ်လွန်သဖြင့် ရောင်းချသူ ဦးမိုဟာမက်စူလတန် (ခ) အာဇက် (ခ) ဦးစိုးမင်း [၁၂/လမန(ဧည့်)၀၀၀၀၂၀]မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အခန်းတန်ဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဇော်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၃၆/၉၁)**
**အမှတ်(၃၅၀/၃၅၄)၊ အခန်း(၅)၊ တတိယထပ်၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၄၉၉၈၊ ၀၉-၇၉၅၁၉၄၉၉၈၊ ၀၉-၇၆၅၁၉၄၉၉၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
## (၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) ရရှိသော ဦးစီးအရာရှိ (စာကြည့်တိုက်နှင့် မော်ကွန်းဌာနစု) (၁) နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၈-၂-၂၀၂၃ ရက်နေ့တွင် အသက် (၄၀) နှစ်မကျော်သူဖြစ်ရမည်။
